ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့၊ (4-3-2016) (၈၄၉၅)

### ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# တက်ကြွလန်းဆန်းသည့် သားကောင်းရတနာများ

ယနေ့ ရာသီဥတုက ဝန်းကျင်တစ်ခွင်လုံး အုံ့မှိုင်းလို့နေသည်။ ဝသန္တနွေရာသီကာလဖြစ်သော်လည်း ဟေမန္တ ဆောင်းရာသီကာလနှင့်တူနေသည့် နေရာဒေသသည်ကား ပုပ္ပားတောင်ဝန်းကျင်ဒေသပင်ဖြစ်တော့သည်။

မြူနှင်းလွှင် ရှစ်ခွင်ဆိုင်း မှုန်မှိုင်းခြင်းနှင့်အတူ အေးမြသည့် ဆောင်းလေအေးလေးများမှာ ပုပ္ပားတောင်ဝန်းကျင်တစ်ဝိုက်တွင် လွှမ်းခြုံရစ်သိုင်းလို့နေလေသည်။ ပတ်ဝန်းကျင်တစ်ခွင်တွင်လည်း စိမ်းလန်းသည့်သစ်ပင်များနှင့် တင့်တယ်လှပသည့်နေရာမျိုးတွင် တက်ကြွလန်းဆန်း ပွင့်လန်းဝေဆာနေသော လူငယ်လူရွယ်လေးများ တစုတဝေးတည်း စုရုံးရောက်ရှိနေကြသည်။

ဤလူငယ်လေးများမှာ မိုးပြာရောင်တူညီဝတ်စုံလေးများနှင့် ကာကီရောင်အင်္ကျီလေးများကို ဝတ်ဆင်ကာ လည်စည်းနီ၊ လည်စည်းပြာလေးများကို လည်တွင်သိုင်းလျက် နှစ်သက်ဖွယ်ကောင်းသော ကင်းထောက်လူငယ်မောင်မယ်များဖြစ်သည်။ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ခြေ ပုပ္ပားစခန်း အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ မြန်မာနိုင်ငံ ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲကို မတ် ၁ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ အခြေခံပညာကျောင်းသားကျောင်းသူ ကင်းထောက်မောင်မယ်လေးများ၏ ပျော်ရွှင်လန်းဆန်းတက်ကြွဖွယ်မြင်ကွင်းများကို ဝမ်းမြောက်ကြည်နူးဖွယ်ရာ မြင်တွေ့ခဲ့ရသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱**

သတင်းဆောင်းပါး - နိုင်လင်းကြည်
ဓာတ်ပုံ - ကိုနေ(ကျောက်ပန်းတောင်း)၊ ဇာဂဏီ



ကင်းထောက်မောင်မယ်များ ပုပ္ပားတောင်မကြီးသို့ တောင်တက်ခရီးစဉ် တက်ရောက်နေကြစဉ်။

## (၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစား အမျိုးသမီးပွဲစဉ်များပါ ယှဉ်ပြိုင်ခွင့်ရရှိ

**မန္တလေး မတ် ၃**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို အမျိုးသားပွဲစဉ်ပြိုင်ပွဲအပြင် အမျိုးသမီးပွဲစဉ် ပြိုင်ပွဲများပါ ထည့်သွင်းယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ စတင်၍ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ထည့်သွင်းယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုများကို ရယူပေးနိုင်ခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ မန္တလေးမြို့တွင် ဒုတိယအကြိမ်မြောက် အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်မှုအပေါ် ကမ္ဘာ့ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် မလေးရှားပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့မှ ထောက်ခံအသိအမှတ်ပြုမှုကြောင့် အိုလံပစ်ကော်မတီ၏ အစည်းအဝေးကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Mandarin Oriental ဟိုတယ်၌ ကျင်းပခဲ့ရာ နိုင်ငံတကာ အိုလံပစ်ကော်မတီ၊ အာရှအဖွဲ့ချုပ် အိုလံပစ်ကော်မတီ၊ မလေးရှားနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ မလေးရှားပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာဆီယံနိုင်ငံများမှ

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ✱**

ရ-ရထားကြီး ပျော်ပျော်စီးရအောင်
စာမျက်နှာ - ၆

မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါဖြစ်ပွားမှု မဟာမဲခေါင်ဒေသခွဲတွင် အများဆုံးဖြစ်
စာမျက်နှာ - ၇

ရွှေဘိုဒေသ၌ တစ်လအတွင်း စပါးဈေး ကျပ်တစ်သိန်းကျော်အထိမြင့်တက်လာ
စာမျက်နှာ - ၁၁






ကြေးမုံစာတည်းရှထောင့် — ၄-၃-၂၀၁၆၊ သောကြာနေ့

# ကင်းထောက်မြန်မာလူငယ်

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၅၀ နီးပါး ပျောက်ကွယ်သွားခဲ့သော ကင်းထောက်လူငယ်အဖွဲ့ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကင်းထောက်လူငယ်သင်တန်းများ၊ တွေ့ဆုံပွဲများ၊ လှုပ်ရှားမှုများကို နှစ်စဉ် ပြန်လည်ပြုလုပ်နိုင်ပြီဖြစ်ရာ လူငယ်လူရွယ်များအတွက် များစွာ အကျိုးများဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံ ကင်းထောက်လူငယ်အဖွဲ့မှာ နှစ်ပေါင်း ၅၀ နီးပါး ပျောက်ကွယ်ခဲ့သည်မှန်သော်လည်း ရှေးဦးကာလကတည်းက နှစ်ပေါင်း ၅၀ ကျော် ရှင်သန်ခဲ့သောအဖွဲ့အစည်းဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ၁၉၆၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ ကင်းထောက်အသင်းကို ဖျက်သိမ်းခဲ့ရသည်။

ယခုမြန်မာနိုင်ငံကင်းထောက်အသင်းကို ပြန်လည်ဖွဲ့စည်းပြီးနောက် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ စိန်ရတုသဘင်ခန်းမ၌ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အထက်က မြန်မာနိုင်ငံတွင် ပါဝင်လှုပ်ရှားခဲ့သည့် ကင်းထောက်ဟောင်း ယခုလူကြီးများ ပြန်လည်တွေ့ဆုံပွဲကို ကျင်းပခဲ့သည်။

မြန်မာနိုင်ငံကင်းထောက်လုပ်ငန်းကို ၁၉၁၀ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၂၀ ခုနှစ်တွင် မြန်မာပြည်ကင်းထောက်အသင်းကို စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာပြည်ကင်းထောက်အသင်းသည် လန်ဒန်မြို့၏ သီးခြားအသင်းခွဲဖြစ်ပြီး ထိုစဉ်က ကင်းထောက်အသင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်လည်း ပါဝင်လှုပ်ရှားခဲ့ဖူးသည်။

မြန်မာနိုင်ငံကင်းထောက်အသင်းသည် မဂ္ဂဇင်း၊ စာစောင်ထုတ်ဝေခြင်း၊ လူငယ်ကင်းထောက် စာဖတ်အသင်းများဖွဲ့စည်းခြင်း၊ နိုင်ငံတော်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ နှစ်ပတ်လည်အစည်းအဝေးကျင်းပခြင်း၊ အားကစားပြိုင်ပွဲကျင်းပခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးတွင် စွန့်စားလုပ်ကိုင်ခြင်း၊ ကင်းထောက်ဆရာသင်တန်းဖွင့်လှစ်ခြင်း၊ နိုင်ငံတကာညီလာခံသို့တက်ရောက်ခြင်း၊ ကင်းထောက်စခန်းဖွင့်လှစ်ခြင်း၊ ကင်းထောက်ဈေးရထားထွက်ခွာခြင်း စသည်ဖြင့် ကင်းထောက်လူငယ်များ တက်ကြွစွာလှုပ်ရှားခဲ့ကြသည်။

ထိုစဉ်က မြန်မာနိုင်ငံကင်းထောက်အသင်းဝင်ဦးရေမှာ ငါးထောင်ခန့်ရှိခဲ့ပြီး ၁၉၆၁ ခုနှစ် စက်တင်ဘာလက ကင်းထောက်လူငယ်များအား လုပ်ငန်းတစ်ခုလျှင် ငွေတစ်ကျပ်နှုန်းဖြင့်ခိုင်းပါဟု သတင်းစာမှကြေညာပြီး ရပ်ရွာအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးသည့် ကင်းထောက်ရန်ပုံငွေရှာဖွေခဲ့သော လှုပ်ရှားမှုမှာ ကင်းထောက်လူငယ်များသာမက ရပ်ရွာလူထုတို့လည်း စိတ်ပါဝင်စားမှုရှိခဲ့သည်ဟု သိရသည်။

ယခုအခါ ကင်းထောက်လူငယ်များအား အကျင့်စာရိတ္တကောင်းများဖြစ်ပေါ်ပြီး တည်ကြည်ဖြောင့်မတ်သော တိုင်းသူပြည်သားကောင်းများဖြစ်လာစေရန်၊ ကိုယ်ကျိုးမဖက်ဘဲ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိ ကာကွယ်စောင့်ရှောက်နိုင်မည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ရည်ရွယ်ပြီး ကင်းထောက်အဖွဲ့များဖွဲ့စည်းကာ လေ့ကျင့်ပျိုးထောင်ပေးနေသည်ကို ပြန်လည်မြင်တွေ့နေရပေသည်။

ကင်းထောက်လူငယ်များအား လေ့ကျင့်ပေးရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့နယ် ၁၈ မြို့နယ်မှ အခြေခံပညာကျောင်း ၁၈ ကျောင်းရှိ ဆဋ္ဌမတန်းကျောင်းသား ကျောင်းသူ ၁၀၀ စီဖြင့် စုစုပေါင်း ကင်းထောက်လူငယ် ၁၈၀၀ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများမှ ကင်းထောက်လူငယ်များ တိုးပွားလာပြီး ကင်းထောက်လူငယ်များ၏လှုပ်ရှားမှုများကို မကြာခဏ မြင်တွေ့လာရသည်။

ကင်းထောက်ဟူသည်မှာ စစ်သဘောမပါ၊ နိုင်ငံရေးမစွက်ဖက်၊ လူမှုဝန်ထမ်း လုပ်ငန်းသက်သက်ကိုသာ ဆောင်ရွက်ကြရသူများဖြစ်သည်။ အဓိက ရည်ရွယ်ချက်မှာ တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လူငယ်လူရွယ်များအား ပုံသွင်းဖန်တီးပေးခြင်းဖြစ်သည်။ ထိုသို့ပုံဖော်ရာတွင် ကိုယ်ကျင့်တရားသာမက မိမိကိုယ်မိမိ အားကိုးတတ်ခြင်း၊ အကြီးအကဲတို့၏ အမိန့်နှင့် သွန်သင်မှုများကို ရိုသေလိုက်နာတတ်ခြင်း၊ တီထွင်ဖန်တီးမှုနှင့်စွန့်စားလိုစိတ်ရှိခြင်း စသည့်ကောင်းမွန်သည့်စိတ်ဓာတ်နှင့် အပြုအမူများကို ပုံသွင်းပေးခြင်းဖြစ်သည်။ ယခုအခါ ကင်းထောက်လူငယ်များအား နိုင်ငံတော်က အားပေးမြှင့်တင်ပေးခြင်းနှင့်အတူ လူငယ်လူရွယ်များ တက်ကြွစွာလှုပ်ရှားနေပြီဖြစ်၍ ကင်းထောက်အသင်းကြီး အဓွန့်ရှည်တည်တံ့စေရန် ဆန္ဒပြုပါသည်။ ။

## အရေးပေါ်သွေးကြောချဲ့ကုသမှု သုံးနှစ်ပြည့်အခမ်းအနားကျင်းပ

**မန္တလေး မတ် ၃**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၏ အရေးပေါ်သွေးကြောချဲ့ကုသမှု သုံးနှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် နှလုံးသွေးကြောပိတ်ရောဂါ သတိပြုစရာ ပညာပေးအခမ်းအနားကို မတ် ၁ ရက်က မန္တလေးမြို့တော်ခန်းမ၌ ပြုလုပ်ခဲ့သည်။

နှလုံးအရေးပေါ် သွေးကြောချဲ့ကုထုံးသစ်ကို နိုင်ငံတကာတွင် လက်ရှိကုသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ငွေကြေးအခြေအနေနှင့် ကုသရေးပစ္စည်း အခက်အခဲများကြောင့် ကြန့်ကြာနေရခြင်းဖြစ်ကာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ မန္တလေးဆေးရုံကြီးတွင် ကုသနိုင်ခဲ့ကြောင်း အဆိုပါဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနမှ နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာကျော်စိုးဝင်းက ပြောသည်။

"၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် လူနာပေါင်း ၂၇၅ ဦးကို အရေးပေါ်သွေးကြောချဲ့ကုသမှု ပေးခဲ့ပါတယ်။ ရုတ်တရက် သွေးကြောပိတ်တဲ့သူတွေကို အရင်တုန်းကလို သမားရိုးကျ ဆေးနဲ့ဖွင့်ပြီး သွေးကြောဖွင့်တာမဟုတ်ဘဲ လူနာကို ချက်ချင်းလက်ငင်းကုသတဲ့ ကုသမှုဖြစ်ပါတယ်။ နိုင်ငံတကာမှာ စံကုထုံးအနေနဲ့ ကုသလာတာ ဆယ်စုနှစ်တစ်ခုဖြစ်နေပါပြီ။ ဒီကုထုံးဟာ လူနာရယ်၊ လူနာရဲ့မိသားစုနဲ့ နိုင်ငံတော်အတွက်ပါ အင်မတန်အကျိုးရှိတဲ့ကုထုံးဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။


အဆိုပါရောဂါမှာ ပြောင်းလဲလာသည့် လူနေမှုပုံစံများ၊ ဆေးလိပ်၊ ကွမ်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ဖိအားများခြင်း၊ ကား၊ ဆိုင်ကယ် အသုံးပြုမှုများခြင်းကြောင့် လှုပ်ရှားမှုနည်းပါးလာခြင်းစသည်တို့ကြောင့် ယခင်နှစ်များထက် နောက်ပိုင်းကာလများတွင် အဖြစ်များလာကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

"လူတွေ လှုပ်ရှားမှုနည်းလာတာရယ် အလွယ်တကူရလာတဲ့ အစားအသောက်တွေကို ပိုစားလာကြတာတွေ'ဟာ ရောဂါဖြစ်စေတဲ့အကြောင်းအရင်းတွေပါ။ ဒါကြောင့် လေ့ကျင့်ခန်းလုပ်ပေးပါ။ အဆီအဆိမ့်လျှော့စားပါ"ဟု ၎င်းက ပြောသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် မန္တလေးစက်မှုဇုန်(၁)မှ ဦးအောင်ညွန့်ကလည်း "၂၀၁၃ ခုနှစ်တုန်းက သွေးကြောပိတ်တော့ လာရောက်ကုသဖူးတယ်။ ကုသမှုခံယူပြီးတဲ့နောက်ပိုင်း အသက်ရှူရတာပိုကောင်းလာတယ်။ ကျွန်တော့်ရဲ့မိဘနှစ်ပါးစလုံးကလည်း နှလုံးရောဂါနဲ့ကွယ်လွန်သွားတာပါ။ သူတို့တုန်းက ခေတ်မီတဲ့ဆေးဝါးတွေ၊ ကျွမ်းကျင်ဆရာဝန်တွေမရှိဘူး။ ကျွန်တော်ကတော့ ခေတ်မီနည်းစနစ်တွေနဲ့ ဆရာဝန်တွေရဲ့ အကျိုးကျေးဇူးကြောင့် အသက်ရှင်ခွင့်ရခဲ့ပါတယ်။ ဒီစက်တွေကို ပံ့ပိုးကူညီပေးတဲ့သူတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါကုသမှုမှာ မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် မန္တလေးဆေးရုံကြီးတွင် စတင်ခဲ့ပြီး နောက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံများ၊ ပြင်ဦးလွင်တပ်မတော်ဆေးရုံကြီးနှင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးတို့တွင်လည်း ကုသပေးလျက်ရှိကြောင်း သိရသည်။

**(အောင်ရဲသွင်)**




## ဗီဒီယိုမှတ်တမ်းများလွယ်ကူစွာရိုက်ကူးနိုင်သော လေယာဉ်ငယ်များ စွမ်းဆောင်ရည်ရှင်းလင်းပွဲနှင့် သရုပ်ပြပွဲကျင်းပ

**မန္တလေး မတ် ၃**

နိုင်ငံတော်နှင့် တိုင်းဒေသကြီးအဆင့် အခမ်းအနားများတွင် အနီးအဝေး ဗီဒီယိုမှတ်တမ်းများ ရှုထောင့်မျိုးစုံမှ ရိုက်ကူးနိုင်သော DJI လေယာဉ်ငယ်များ စွမ်းဆောင်ရည်ရှင်းလင်းပွဲနှင့် မန္တလေး၊ ပုဂံဒေသတို့တွင် လေယာဉ်ငယ်များအသုံးပြု၍ ဗီဒီယိုမှတ်တမ်း ရိုက်ကူးမှုများပြသခြင်း၊ လေယာဉ်ငယ်များပြသခြင်း အခမ်းအနားကို မတ်၂ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံ စူပါစင်တာ တတိယထပ်ရှိ ICT Park တွင် ကျင်းပရာ တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်း အမှုဆောင်များ၊ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း



အမှုဆောင်များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက လေယာဉ်ငယ်များ၏ အနိမ့်အမြင့်ပျံသန်း၍ ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းများ ဆောင်ရွက်နိုင်မှုများ၊ ထိန်းသိမ်းမောင်းနှင်နိုင်သည့် အကွာအဝေးတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(သီဟကိုကို)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၃**

ရန်ကုန်(ရွှေဈေး) ၇၈၉၇၀၀ - ၇၉၀၇၀၀    မန္တလေး(ရွှေဈေး) ၇၈၉၇၀၀ - ၇၉၀၇၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၇၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၃ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၄.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၄၁.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈.၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄.၇၃၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇.၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၁၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၆.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀.၉၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၉.၀၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၂.၈၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကျေးလက်အိမ်ရာ တည်ဆောက်

**ငါန်းဇွန် မတ် ၃**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Unique Super Power ကုမ္ပဏီလီမိတက်က တာဝန်ယူ၍ ငါန်းဇွန်မြို့နယ် ငန်းလွန့်ကျေးရွာ၌ ကျေးလက်အိမ်ရာငါးလုံးတည်ဆောက်ထားမှုကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျူးလျှန်ဗိုလ်နှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ဝင်းအောင်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ မအောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Kim Sok Chol အားယနေ့ နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်မှုတို့တွင် တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးအခြေအနေ၊ ကိုရီးယားကျွန်းဆွယ်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့ တက်ရောက်ကြသည်။

**(မြဝတီ)**

# BRT Lite စနစ် ဘတ်စ်ကားလိုင်း ခရီးစဉ်လမ်းကြောင်း(၂) ထပ်မံပြေးဆွဲ

**ရန်ကုန် မတ် ၃**

BRT Lite စနစ်ဖြင့် ဘတ်စ်ကား ပြေးဆွဲမှုကို ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်မြို့တွင် ခရီးစဉ်လမ်းကြောင်း(၁) စတင် ပြေးဆွဲခဲ့ရာ မတ် ၁ ရက်တွင် ခရီးစဉ် လမ်းကြောင်းအမှတ်(၂)ကို ထပ်မံပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

BRT Lite စနစ်ဖြင့် ရန်ကုန်မြို့တော်တွင် ဘတ်စ်ကားပြေးဆွဲမှု စတင်စမ်းသပ်ပြေးဆွဲခဲ့ရာတွင် ခရီးစဉ်လမ်းကြောင်း (၁) ဖြစ်သည့် ထောက်ကြန့်လမ်းဆုံမှ ပြည်လမ်းအတိုင်းမောင်းနှင်ကာ (၈)မိုင်၊ လှည်းတန်း၊ မြေနီကုန်း၊ ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံမှတစ်ဆင့် အလံပြဘုရားလမ်း၊ ဗဟန်း (၃) လမ်းမှတ်တိုင်၊ ကုက္ကိုင်း၊ ချော်တွင်းကုန်းမှတ်တိုင်တို့မှ ကမ္ဘာအေးဘုရားလမ်းအတိုင်းမောင်းနှင်ကာ ၈ မိုင်လမ်းဆုံမှတစ်ဆင့် ပြည်လမ်းပေါ်သို့ ပြန်လည်ချိတ်ဆက်၍ ထောက်ကြန့်လမ်းဆုံသို့ ပြန်လည်ပေါင်းဆုံမည့်လမ်းကြောင်းကို ယာဉ်အစီးရေ ၁၈ စီးဖြင့် စတင်ပြေးဆွဲခဲ့သည်။

မတ် ၁ ရက်မှစတင်ကာ ယာဉ်အစီးရေ ၁၅ စီးဖြင့် လမ်းကြောင်း(၂) ခရီးစဉ်ဖြစ်သည့် ထောက်ကြန့်လမ်းဆုံမှ (၈) မိုင်၊ ယင်းမှ နဝဒေးရုပ်ရှင်ရုံ၊ ချော်တွင်းကုန်းမှတ်တိုင်များကို ဖြတ်သန်းကာ ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်၍ ရွှေဂုံတိုင်၊ ဗဟန်း (၃) လမ်းမှတ်တိုင်တို့ကိုဖြတ်ပြီး ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းဆုံထိုမှတစ်ဆင့် ပန်းဆိုးတန်းမှတ်တိုင်ကိုဖြတ်၍ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်ဘုရားလမ်းဆုံမှတစ်ဆင့် ကမ်းနားလမ်းအတိုင်း မောင်းနှင်ကာ ကမ်းနားလမ်းနှင့် ဘုန်းကြီးလမ်းလမ်းဆုံတို့မှတစ်ဆင့် ပြည်လမ်းမကြီးပေါ်သို့ ပြန်လည်ဆက်သွယ်ကာ ပြည်လမ်းအတိုင်း မြေနီကုန်း၊ လှည်းတန်း၊ (၈)မိုင်တို့ကို ဖြတ်သန်း၍ ထောက်ကြန့်လမ်းဆုံသို့ မောင်းနှင်မည့် ခရီးစဉ်ကို စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

BRT Lite စနစ်ဖြင့် ဘတ်စ်ကား ပြေးဆွဲမှုတွင် ယာဉ်နောက်လိုက်ထားရှိခြင်းမရှိဘဲ ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေသည့် စနစ်ကို ကျင့်သုံးလျက်ရှိပြီး အခြားဘတ်စ်ကားလိုင်းများကဲ့သို့ ပြိုင်မောင်း၊ လုမောင်းခြင်းနှင့် ခရီးသည်အလုအယက် ဆွဲတင်၊ တွန်းချခြင်းများမရှိသည့်အပြင် ငွေအကြွေပြန်အမ်းမှု ပြဿနာမရှိသည့်အတွက် စိတ်အေးချမ်းစွာ ဘတ်စ်ကားစီးနင်းရမှုအပေါ် ခရီးသည်များ သဘောကျနှစ်ခြိုက်ကြသည်ဟု အဆိုပါယာဉ်လိုင်းကို နေ့စဉ်စီးနင်းနေသော ခရီးသည်များက ပြောသည်။

"ရေရှည်စနစ်တကျလေး ဆောင်ရွက်ပေးဖို့လိုပါတယ်။ မဟုတ်ရင် အရင်က အထူးကားတွေ၊ အဲကွန်းကားတွေလို ဒုံရင်းဒုံရင်း ဖြစ်သွားမယ်။ တဖြည်းဖြည်းနဲ့ ဒီလိုကားလိုင်းစနစ်တွေ ရန်ကုန်တစ်မြို့လုံး ပြေးဆွဲပေးနိုင်ရင် မဆိုးပါဘူး။ စီးရတဲ့သူတွေ စိတ်ချမ်းသာတာပေါ့။ ဒါပေမယ့် ငွေပေးချေကတ်တွေ၊ ငွေဖြည့်တာတွေ ပိုပြီးလွယ်လွယ်ကူကူဖြစ်ဖို့လိုတယ်။ BRT စစ်စစ် စနစ်မျိုးဖြစ်ဖို့ကတော့ မလွယ်သေးဘူးထင်ပါတယ်။ အခု ကားလမ်းတွေ ပိတ်တာရယ်၊ သီးသန့်လမ်းမရှိဘဲ တခြားကားလိုင်းတွေနဲ့ မောင်းနေရတာက တခြားကားလိုင်းတွေနဲ့စီးရတာ သီးသန့်ဆန်ပြီး နည်းနည်းကွာခြားတာပဲ ရှိသေးတယ်။ တကယ့် BRT ကို သွားနိုင်ဖို့ အချိန်ယူရမယ်ထင်တာပဲ" ဟု အဆိုပါ ယာဉ်လိုင်းအား ပုံမှန်စီးနင်းနေသူ ခရီးသည်တစ်ဦးက ပြောသည်။

လက်ရှိတွင် အဆိုပါ BRT Lite စနစ်ဘတ်စ်ကားပြေးဆွဲမှုအတွက် ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီလီမိတက်ကို ထူထောင်ကာ အစုရှယ်ယာများ ရောင်းချပေးလျက်ရှိပြီး အများပြည်သူများသို့ ရောင်းချပေးနေမှုကို ရပ်ဆိုင်းထားကြောင်း သိရသည်။ အဓိက အကြောင်းအရင်းမှာ ယင်းဘတ်စ်ကားလိုင်းပြေးဆွဲမှုသည် အများပြည်သူဝန်ဆောင်မှုအဖြစ် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်က ပုဂ္ဂလိကယာဉ်လိုင်းများကဲ့သို့ အမြတ်ရရှိရေး ဦးတည်ပြေးဆွဲဆောင်ရွက်ပေးခြင်းမျိုး မဟုတ်သည့်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ ရင်းနှီးမြှုပ်နှံထားရမည်ဖြစ်သောကြောင့် နိုင်ငံတော်နှင့် ပုဂ္ဂလိကမှ လုပ်ငန်းရှင်ကြီးများ၏ အဓိက မတည်ရင်းနှီးမြှုပ်နှံမှုဖြင့် ရေရှည်ဆောင်ရွက်သွားနိုင်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဘတ်စ်ကားအများပိုင် ကုမ္ပဏီထူထောင်ကာ BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲနိုင်ရန် နိုင်ငံတော်က မတည်ထည့်ဝင်ငွေကျပ် ၁၀ ဘီလီယံ၊ ပုဂ္ဂလိက လုပ်ငန်းရှင်ခြောက်ဦးက ငွေကျပ် သိန်း ၅၀၀၀ စီ၊ အများပြည်သူ၏ ထည့်ဝင်ငွေရှယ်ယာများဖြင့် အများပြည်သူအခြေပြုဝန်ဆောင်မှုပေးမည့် ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေး ကဏ္ဍကို ပုံဖော်သွားမည်ဟုသိရသည်။ အစုရှယ်ယာတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး အမြတ်ငွေရရှိမှုကို ဦးစားပေး ဆောင်ရွက်ခြင်းမဟုတ်ဘဲ အများပြည်သူဝန်ဆောင်မှုကို ဦးတည်ဆောင်ရွက်သွားခြင်းသာ ဖြစ်သည်ဟု အဆိုပါကုမ္ပဏီမှသိရသည်။ **ဆုနှင်းလှဲ့**

# မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မတ် ၄**

မစ္စတာ ဝေါ်တာ ရောဘတ် မာရီ ဂျာဂန်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဝေါ်တာ ရောဘတ် မာရီဂျာဂန်ကို ၁၉၇၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် နယ်သာလန်နိုင်ငံ ဒိုတင်ဆမ်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် စီးပွားရေးစီမံခန့်ခွဲမှုဝိဇ္ဇာဘွဲ့၊ ၁၉၉၇ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံမဟာဘွဲ့နှင့် စီးပွားရေးသိပ္ပံမဟာဘွဲ့များ ရရှိခဲ့သည်။ ၎င်းသည် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၁၉၉၇ ခုနှစ်မှ စတင် တာဝန်ထမ်းဆောင်ခဲ့ပြီး နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့နှင့် တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့တို့ရှိ နယ်သာလန်သံရုံးအသီးသီးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအထိ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွဲဖက်၍ အကြီးတန်းမူဝါဒရေးရာလေ့လာသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဆိုက်ဘာရေးရာ၊ ပြစ်မှုရေးရာနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဦးစီးဌာနအကြီးအကဲအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ယနေ့အထိ နိုင်ငံတကာဆိုက်ဘာရေးရာမူဝါဒလုပ်ငန်းအဖွဲ့ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သံအမတ်ကြီး မစ္စတာဝေါ်တာ ရောဘတ်မာရီဂျာဂန်သည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။

**(သတင်းစဉ်)**

# အုတ်ဖုတ်ရောင်းချသူများပြား၍ စပါးခွံ၊ ဖွဲလောင်စာများ ဈေးကောင်းရလျက်ရှိ

**ဖြူး မတ် ၃**



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် လူမှုစီးပွားဘဝများ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများ ဆောက်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာသဖြင့် မြို့နယ်အတွင်း အုတ်ဖုတ်ရောင်းချသူ လုပ်ငန်းရှင်များမှာလည်း တိုးပွားလာသည်ကို တွေ့ရသည်။

အုတ်ဖုတ်ရာတွင် ယခင်နှစ်များက ထင်းကို လောင်စာအဖြစ် အသုံးပြုခဲ့ကြရာမှ ယခုအချိန်တွင် လောင်စာထင်းများ ရှားပါးပြတ်လပ်မှုကြောင့် ထင်းအစား စပါးခွံ၊ ဖွဲကို သုံးစွဲ၍ အုတ်များဖုတ်လျက်ရှိကြရာ ယခင်က စပါးကြိတ်ခွဲစက်များမှ ဆန်ကြိတ်ခွဲရာတွင် ဘေးထွက်ပစ္စည်း စပါးခွံဖွဲများကို စွန့်ပစ်ပစ္စည်းအဖြစ် ထားရှိခဲ့ပြီး လယ်ကွက်များအတွင်းသို့ နွားလှည်းဖြင့် တိုက်ချ၍ မီးရှို့ကြပြီး သဘာဝမြေသြဇာအဖြစ်သာ အသုံးများခဲ့ကြရာမှ ယခုအခါတွင် အုတ်ဖုတ်လုပ်ငန်းရှင်များက ဆန်စက်များမှ ထွက်ရှိသော စပါးခွံဖွဲများကို ဖောကားအပြာရောင်တစ်စီး ကျပ် ၁၅၀၀၀ မှ ကျပ် ၁၈၀၀၀ အထိ ဈေးပေး၍ ဝယ်ယူအသုံးပြုလျက်ရှိကြသည်။

ထို့ပြင် အုတ်ဈေးများမှာလည်း ပထမတန်းစား အုတ်ချပ်ရေ ၁၀၀ လျှင် ကျပ် ၇၅၀၀၀၊ ဒုတိယတန်းစား အုတ်ချပ် ၁၀၀ လျှင် ကျပ် ၇၀၀၀၀၊တတိယတန်းစား အုတ်ချပ်ရေ ၁၀၀ လျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး**

# ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် မတ် ၃**

မတ် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၇ ရက်မှ ၁၀ ရက်အတွင်း ခုနစ်ပေမှ ၁၁ ပေခန့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၂ ရက်မှ ၄ ရက်အတွင်း တစ်ပေမှ သုံးပေခွဲခန့်၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၁ ရက်အတွင်း ပေဝက်ခန့် ကျဆင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြစ်ရေများသည် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ရက်မှ ၃ ရက်အတွင်း တစ်ပေမှ လေးပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အလယ်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက် ၁ ရက်အတွင်း ပြည်မြို့တွင် ပေဝက်ခန့်၊ နောက် ၁ ရက်မှ ၂ ရက်အတွင်း ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**

# ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုကိုအာခံကာ တာတိုပစ်ကျည်ဖူးခြောက်ခု မြောက်ကိုရီးယားပစ်ခတ်

**ဆိုးလ် မတ် ၃**

မြောက်ကိုရီးယားနိုင်ငံအပေါ် ပိုမိုပြင်းထန်သည့် အရေးယူပိတ်ဆို့မှုအစီအစဉ်သစ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်လိုက်ပြီးနောက် ၎င်းနိုင်ငံကအာခံကာ အင်အားပြသည့်အနေဖြင့် မတ် ၃ ရက် နံနက်ပိုင်းတွင် တာတိုပစ် ကျည်ဖူးခြောက်ခုကို ပစ်ခတ်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။




မတ် ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် ဝုန်ဆန်ဒေသမှ အရှေ့ပင်လယ်အတွင်းသို့ မြောက်ကိုရီးယားတပ်ဖွဲ့များက တာတိုပစ် ကျည်ဖူးခြောက်ခုကို ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မွန်ဘန်ကျွန်က ပုံမှန်ပြုလုပ်သော အပတ်စဉ် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အရှေ့ပင်လယ်အတွင်းသို့ ဦးတည်ကာ ကျည်ထိပ်ဖူးခြောက်ခုကို ပစ်လွှတ်ခဲ့ကြောင်း၊ ယင်းကျည်ဖူးများသည် အရှေ့ဘက်အရပ်ဆီသို့ အကွာအဝေး ကီလိုမီတာ ၁၀၀ မှ ၁၅၀ အထိ ရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်က နောက်ပိုင်းတွင် အတည်ပြုပြောကြားသည်။

မြောက်ကိုရီးယားက ပစ်ခတ်ခဲ့သော ကျည်ဖူးများသည် တာတိုပစ်ဒုံးကျည်များ ဟုတ်၊ မဟုတ် အတည်ပြုနိုင်ခြင်း မရှိသေးသော်လည်း ကေအန်-၁ အမျိုးအစားဒုံးကျည်များ သို့မဟုတ် ၃၀၀ မီလီမီတာ ဒုံးပစ်လောင်ချာမှ ပစ်လွှတ်သော ကျည်ဖူးများ ဖြစ်နိုင်ဖွယ်ရှိသည်ဆို၏။

မြောက်ကိုရီးယားတပ်ဖွဲ့များ၏ လှုပ်ရှားမှုများကို တောင်ကိုရီးယားက အနီးကပ်စောင့်ကြည့်နေပြီး စစ်ရေးအရ တပ်လှန့်ထားကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

၂၀၁၆ ခုနှစ်အတွင်း မြောက်ကိုရီးယားတို့က ကျည်ဖူးပစ်ခတ်မှုကို ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ် ဇွန်လအတွင်းက ဝုန်ဆန်ဒေသမှ အရှေ့ပင်လယ်အတွင်းသို့ ကေအင်န်-၁ တာတိုပစ်ဒုံးကျည်များပစ်ခဲ့ဖူးပြီး ၂၀၁၅ ခုနှစ်အတွင်း ၃၀၀ မီလီမီတာဒုံးပစ်လောင်ချာစမ်းသပ်ပစ်ခတ်မှု အကြိမ်ပေါင်းများစွာပြုလုပ်ခဲ့သည်။**ဆင်ဟွာ။**

# ဩစတြေးလျနိုင်ငံရှိ ရွှေတွင်းဟောင်းတစ်ခုအား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံအဖြစ် ပြောင်းလဲမည်

**ဆစ်ဒနီ မတ် ၃**

မြောက်ကွင်းစလန်ပြည်နယ်မှ စွန့်ပစ်ထားသော ရွှေတွင်းတစ်တွင်းကို မကြာမီ ကြီးမားသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာအချက်အချာနေရာတစ်ခုအဖြစ် ပြောင်းလဲမည်ဖြစ်ကြောင်းသိရသည်။

Genex Power ကုမ္ပဏီကဆောင်ရွက်မည့် ဩစတြေးလျဒေါ်လာသန်း ၅၈၀ (အမေရိကန်ဒေါ် လာ ၄၂၄ သန်း) ကုန်ကျမည့် ကြီးမားသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးစက်ရုံက ကွင်းစလန်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ထက်ဝက်ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဖွံ့ဖြိုးရေးဝန်ကြီး အန်တိုနီလင်းဟမ်က ပြောကြားသည်။ “ဒီကက်စတန်စီမံကိန်းက ၂၀၃၀ ပြည့်နှစ်မတိုင်မီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကနေ ကွင်းစလန်ပြည်နယ်ရဲ့လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၅၀ ရာခိုင်နှုန်းထုတ်လုပ်မဲ့ ကျွန်တော်တို့ရဲ့မူဝါဒကို အထောက်အကူပြုစေမှာဖြစ်ပါတယ်” ဟု သူကဆိုသည်။

ပုဂ္ဂလိကစီမံကိန်းတစ်ခုဖြစ်သော အဆိုပါစီမံကိန်းမှာ မြောက်ကွင်းစလန်နှင့် အလယ်ကွင်းစလန်ပြည်နယ်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များပြည့်မီစေရန် ထုတ်လုပ်နိုင်သောအလားအလာများ ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် ၂၀၀၁ ခုနှစ်တွင် ပိတ်ထားခဲ့သည့် ကက်စတန်ရွှေတွင်းဟောင်းအား အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် ယင်းစီမံကိန်းမှာ ကမ္ဘာ့ပထမတန်းစားစွမ်းအင်ထုတ်လုပ်ရေးစက်ရုံတစ်ခုဖြစ်လာမည်ဖြစ်သည်။ အဆိုပါစီမံကိန်းတွင် မဂ္ဂါဝပ် ၁၅၀ ရှိသော နေစွမ်းအင်ထုတ်လုပ်ရေးစက်ရုံတစ်ရုံပါဝင်ပြီး မဂ္ဂါဝပ် ၃၃၀ ရှိ ရေအား လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံက အလုပ်အကိုင်နေရာပေါင်း ၅၀၀ ကျော်ဖန်တီးပေးမည်ဟု မျှော်လင့်ရသည်။ **ဆင်ဟွာ။**

# မိုဇမ်ဘစ်၌ လေယာဉ်ပျက်အပိုင်းအစ ရှာဖွေတွေ့ရှိ စုံစမ်းစစ်ဆေးရန် မလေးရှားကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်မည်

**ကွာလာလမ်ပူ မတ် ၃**

အာဖရိက ပင်လယ်ကမ်းရိုးတန်းဒေသ၌ လေယာဉ်ပျက်အစိတ်အပိုင်းအဖြစ် ယူဆရသော အရာဝတ္ထုတစ်ခုကို ရှာဖွေတွေ့ရှိရပြီးနောက် မလေးရှားအမ်အိပ်ချ်-၃၇၀ လေယာဉ်ပျက်မှ အရာဝတ္ထုဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးလီယိုကိုင်လေက မတ် ၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် မြို့ပြလေကြောင်းဌာန၊ မလေးရှားလေကြောင်းဌာနတို့မှ ကျွမ်းကျင်သူပညာရှင်များနှင့် စုံစမ်းစစ်ဆေးရေးမှူးများပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီးလီယိုက ပြောကြားသည်။

မိုဇမ်ဘစ်နိုင်ငံ၏ အလယ်ပိုင်းပင်လယ်ကမ်းရိုးတန်းဒေသတွင် လွန်ခဲ့သည့်သုံးရက်က လေယာဉ်အပျက်အစီးအပိုင်းအစကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ယင်းနိုင်ငံ၏မြို့ပြလေကြောင်း အာဏာပိုင်များက မတ် ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအပျက်အစီးအပိုင်းအစကို နိုင်ငံတကာအဖွဲ့အစည်းမှ ကျွမ်းကျင်သူပညာရှင်များက ပူးပေါင်းစစ်ဆေး၍ အတည်ပြုပေးရန် မိုဇမ်ဘစ်နိုင်ငံက ကမ်းလှမ်းခဲ့သည်။

မိုဇမ်ဘစ်ရေလုပ်သားများသည် နိုင်ငံအလယ်ပိုင်းအင်ဟမ်ဘန်းပြည်နယ် ဗီလန်ကူလို့စ်မြို့အနီး သဲသောင်ခုံတစ်နေရာတွင် လေယာဉ်ပျက်အပိုင်းအစတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါလေယာဉ်ပျက်အပိုင်းအစမှာ စင်တီမီတာ ၉၀ အရှည်ရှိပြီး အကျယ် ၅၇ စင်တီမီတာရှိသည်ဆို၏။ ရှာဖွေတွေ့ရှိရသော လေယာဉ်ပျက်အပိုင်းအစကို မိုဇမ်ဘစ်မြို့ပြလေကြောင်းတက္ကသိုလ်သို့ ပေးပို့ခဲ့သည်။ **ဆင်ဟွာ။**



# ဘင်္ဂလားဒေ့ရှ်၌ စီးပွားရေးဇုန်များ ထူထောင်ရေးအစီအစဉ် ထုတ်ပြန်ကြေညာ

**ဒါကာ မတ် ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နောက်ထပ်စီးပွားရေးဇုန် ၁၀ ခု ထူထောင်နိုင်ရေးအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များကို ဝန်ကြီးချုပ် ရှိတ်ဟာစီနာက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လာမည့် ၁၅ နှစ်တာကာလအတွင်း နိုင်ငံတစ်ဝန်းတွင် စီးပွားရေးဇုန် ၁၀၀ အထိ ထူထောင်ရန်မျှော်မှန်းကြောင်း ဘင်္ဂလားဒေ့ရှ်ဘဏ္ဍာရေးဝန်ကြီး အေအမ်အေမူဟာစ်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စီးပွားရေးဇုန်များကို ထူထောင်သွားမည်ဖြစ်သော်လည်း မြေနေရာရှားပါးမှုကြောင့် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ရှိ စီးပွားရေးဇုန်များမှာကဲ့သို့ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်မဟုတ်ကြောင်း မူဟာစ်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လောလောဆယ်ကာလတွင် အစိုးရပိုင် စီးပွားရေးဇုန် ၃၇ ခု၊ ပုဂ္ဂလိကပိုင် စီးပွားရေးဇုန် ၁၀ ခု တည်ရှိသည်။

**ဆင်ဟွာ။**




# ပြင်သစ်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းမြင့်တက်

**ပါရီ မတ် ၃**

၂၀၁၅ ခုနှစ်နှောင်းပိုင်း စစ်တမ်းအရ ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေသည် ယခင်စစ်တမ်းထက် သုည ဒသမ ၁ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိမြင့်တက်လာကြောင်း ပြင်သစ်နိုင်ငံအမျိုးသား စာရင်းအင်းနှင့် စီးပွားရေးလေ့လာမှုအင်စတီကျူ့က ယနေ့ပြောကြားခဲ့သည်။

ယခင်နှစ်ကုန်ပိုင်း၌ ပြင်သစ်ပြည်မကြီးတွင်အလုပ်လက်မဲ့ဦးရေ ၂ ဒသမ ၈၆၀ သန်းရှိခဲ့ကြောင်း သိရသည်။ နှစ်စဉ်အလုပ်လက်မဲ့စစ်တမ်းများအရ အလုပ်လက်မဲ့အရေအတွက်သည် သုည ဒသမ ၁ ထိ လျော့ကျခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စစ်တမ်းအရ အသက်(၁၅)နှစ်မှ (၂၄)နှစ်အသက်အရွယ်ပိုင်းခြားရှိ လူငယ်များ၏ အလုပ်လက်မဲ့ဦးရေနှုန်းသည် ၂၄ ရာခိုင်နှုန်းရှိခဲ့ပြီး ၀ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

“ဒီလိုအလုပ်လက်မဲ့တွေများလာတော့ အရင်ကထက် အလုပ်အကိုင်စီစဉ်ပေးမှုတွေ တိုးမြှင့်ပေးဖို့လိုအပ်ပါတယ်” ဟုအလုပ်သမားဝန်ကြီး မိုင်ရီယန် အယ်ခိုမာရီက နိုင်ငံပိုင်ရုပ်သံလိုင်းတစ်ခုတွင် ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် တပ်သားစုဆောင်းရေးအတွက် အကျိုးသက်ရောက်မှုရှိစေရန် အလုပ်သမားလုပ်ခ လစာငွေများကို လျှော့ချခြင်းအပြင် အလုပ်သမားဈေးကွက်ကို ထိခိုက်စေသည့် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်လျက်ရှိသည့်အတွက် အလုပ်လက်မဲ့နှုန်းမြင့်တက်လာခြင်းပင်ဖြစ်သည်။ **ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

✱ ရှေ့ဖုံးမှ

တူညီဝတ်စုံလေးများဖြင့် ငယ်ရွယ်နုပျို ဟန်ပန်ကိုယ်စီရှိသော ကင်းထောက်မောင်မယ်လေးများမှာ အစိမ်းရောင်ဝန်းကျင်တစ်ခွင်နှင့် လိုက်ဖက်တင့်တယ်လှသည်။ အေးချမ်းသော ထိုနေရာ ထိုဒေသတွင် စခန်းတစ်ထောက်ချ၍ အပန်းဖြေ လေ့လာဆည်းပူးခြင်းများနှင့်အတူ ကင်းထောက်ကြီးများ၊ သင်တန်းဆရာများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတစ်ဝန်းမှ ကင်းထောက်မောင်မယ်များ အချင်းချင်းတွေ့ဆုံကြ၊ အမြင်ချင်းဖလှယ်ကြ၊ လေ့လာအပန်းဖြေကြနှင့် ပျော်ရွှင်ဖွယ်ကောင်းသော ဆုံဆည်းမှုဟု ဆိုနိုင်သည်။

ယနေ့ ကင်းထောက်လူငယ်မောင်မယ်များ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် အမျိုးသမီးကင်းထောက်စခန်းမှူး ဒေါ်နုနုရီက "ဒီနေ့မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က မောင်နှမတွေလိုနေပြီးတော့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ ဖလှယ်တယ်။ ညဘက်မှာ ညစျေးတန်းလေးလုပ်ပြီး ဒေသထွက်ကုန်တွေ ရောင်းရင်း မောင်နှမတွေလို ဖြစ်သွားကြတယ်။ အချင်းချင်း ရင်းနှီးမှုအတွက်လည်း ရိုးရာယဉ်ကျေးမှုအကတွေ ဖလှယ်ကြတယ်။ အရင်က လုပ်ချင်သူမှန်သမျှ အကုန်လုပ်ခွင့်ပေးခဲ့ပေမယ့် အခုနှစ်မှာ စိတ်ပါဝင်စားသူတွေ များလာတော့ တကယ်စိတ်ဝင်စားပြီး တကယ်လုပ်မယ့်သူနဲ့ အရည်အသွေးရှိတဲ့သူတွေကို ခေါ်ပါတယ်။ ကင်းထောက်ဆိုကတည်းက ကျင့်ဝတ်(၁၀)ပါးကို လိုက်နာရမှာဆိုတော့ အရည်အချင်းကန့်သတ်မှုပါလုပ်ရတယ်။ ဒီနှစ်ဆို အခြေခံအဆင့်တင် မဟုတ်ဘဲ တက္ကသိုလ်အဆင့်ပါ ပါလာပြီး တက္ကသိုလ် ၁၀ ခုအထိ ပါလာပါတယ်"ဟု ရှင်းပြသည်။

"ဒီနှစ် ထူးခြားချက်ကတော့ ယောက်ျားလေးရော မိန်းကလေးပါ တစုတစည်းတည်း ထားတာပါပဲ။ အရင်က တစုတစည်းတည်း မရှိဘူး။ တစ်နေရာစီထားတာဆိုတော့ ကင်းထောက်တွေ တွေ့ဆုံပွဲရောက်မှ အကုန်လုံးတွေ့မြင်ကြရတာ။ ဒီနှစ်မှာ တစုတဝေးတည်း ရှိတယ်ဆိုပေမယ့် အားလုံးက စည်းကမ်းရှိကြတယ်။ ကျန်းမာရေးပိုင်းမှာဆိုရင်လည်း ကလေးတွေကို အမြဲတမ်း ကြည့်ရှုစောင့်ရှောက်ကြတယ်။ ခရီးထွက်ရင်တောင် ကျန်းမာရေးမကောင်းရင် မခေါ်ဘူး။ စခန်းမှာ ကျန်းမာရေးကောင်းပြီး သွားတဲ့ နေရာရောက်မှ မကျန်းမမာမှုတွေ ရှိခဲ့ရင်လည်း Medical Care ရှိပါတယ်"ဟု အမျိုးသမီးကင်းထောက်စခန်းမှူး ဒေါ်နုနုရီက ဆက်လက်ရှင်းပြသည်။

ကင်းထောက် လူငယ် မောင်မယ်များသည် ယနေ့တွင် အမျိုးသားကင်းထောက်အဖွဲ့မှာ ပုပ္ပားတောင်မကြီးသို့ လည်းကောင်း၊ အမျိုးသမီးကင်းထောက်အဖွဲ့သည် ပုပ္ပားတောင်ကလပ်သို့ လည်းကောင်း ခြေလျင်ခရီးနှင်ခဲ့ကြပြီး ပျော်ရွှင်တက်ကြွစွာဖြင့် ကင်းထောက်တို့၏ စိတ်ဓာတ်ကို ပြခဲ့ကြသည်။

"ပုပ္ပားစခန်းမှာ ကင်းထောက်လူငယ်မောင်မယ်တွေ ပုပ္ပားတောင်မကြီးနဲ့ ပုပ္ပားတောင်ကလပ်တို့ကို တောင်တက်ခရီးစဉ် သွားရောက်ရတဲ့အတွက် သဘာဝပတ်ဝန်းကျင်အတွေ့အကြုံတွေ လက်တွေ့တွေ့ကြုံခံစားရပါတယ်။ ကင်းစုနဲ့ ကင်းစိတ်အလိုက် ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေကြောင့် ကင်းထောက်လူငယ်တွေရဲ့ စိတ်ဓာတ်ကိုလည်း လေ့ကျင့်ပေးရာ ရောက်ပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ ကျောင်းတွေက ကင်းထောက်တွေ စုပေါင်းလာရောက်စခန်းချ တွေ့ဆုံတဲ့အတွက် ကင်းထောက်မိတ်ဆွေတွေ တိုင်းရင်းသားမိတ်ဆွေ အချင်းချင်း ရင်းနှီးလာကြပါတယ်။ ကင်းထောက်အဖွဲ့အစည်းမှာ လူမှုဝန်ထမ်းသက်သက်ဖြစ်တဲ့အတွက် ကိုယ်ကျိုးထက် သူတစ်ပါးအကျိုးကို ဆောင်ရွက်တတ်တဲ့ နိုင်ငံ့သားကောင်းများ ဖြစ်လာစေဖို့ လေ့ကျင့်ပေးတဲ့အတွက် ကျောင်းသားလူငယ်တွေ ကင်းထောက် အဖွဲ့အစည်းမှာ ဝင်ရောက်သင့်ပါတယ်"ဟု အမျိုးသမီးကင်းထောက်မယ်များ ကင်းစု (၂) ခေါင်းဆောင် မအိမ့်သက်ဆုက ပြောသည်။

ထိုသို့ ခြေလျင်ခရီးနှင်ခဲ့ကြရာတွင် လိုက်ပါခဲ့သည့် TTC ကမာရွတ်မှ သတ္တမတန်း ကျောင်းသူ မသီရိရည်မွန်က "ပုပ္ပားတောင်ကလပ်ကို ခြေကျင်ပဲတက်တယ်။ မောလည်း မောတယ်။ ဒါပေမယ့် ကိုယ့်အဖွဲ့နဲ့ ကိုယ်တက်တာမို့ မောတာထက်ပဲ ပျော်တာကပိုပါတယ်"ဟု ဆိုသည်။ ဆက်လက်၍ "မနှစ်က မလိုက်ဘူး။ ဒီနှစ်မှာ လိုက်တာဆိုပေမယ့် ကင်းထောက် ဆရာ ဆရာမတွေ အုပ်ချုပ်ပုံစည်းစနစ်ကျလို့ အိမ်ကလည်း စိတ်ချပါတယ်။ ခြောက်တန်းကတည်းက ကင်းထောက်အဖွဲ့ဝင် ဖြစ်ခဲ့ပေမယ့် အခုလို ညအိပ်ခရီးရှည်ထွက်တာ ဒါ ပထမဆုံးပါ။ ကင်းထောက်ဆိုတာကလည်း လူမှုအဖွဲ့အစည်းတစ်ခုအနေနဲ့ လူရည်မွန်တွေများလာအောင်၊ အသုံးကျတဲ့သူတွေ ဖြစ်ထွန်းလာအောင် လုပ်ပေးတဲ့အဖွဲ့ပါ။ ဒီလုပ်ငန်းက အကျိုးပြုလုပ်ငန်းမို့ ဒီလုပ်ငန်းမှာ တတ်နိုင်တဲ့ဘက်က ဆောင်ရွက်ချင်တာပါ။ ဒီလုပ်ငန်းမှာ ပါဝင်လာဖို့လည်း အကြံပြုချင်ပါတယ်။ ဒီလိုပါဝင်ပတ်သက်မှ တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်မှာဖြစ်တယ်။ ဒီလုပ်ငန်းက မွန်လည်းမွန်မြတ်တယ်။ ကိုယ်ကျိုးစွန့်ပြီး အများအကျိုးအတွက် လုပ်ပေးတဲ့ လုပ်ငန်းမို့ ဘယ်သူမှလည်း ခွင့်မပြုဘဲမနေကြပါဘူး။ အမျိုးသမီးကင်းထောက်အဖွဲ့အတွက် အလံတင်ဖို့ ပထမဆုံး တင်ဖူးတာဆိုတော့ စိတ်လည်းစိတ်လှုပ်ရှားတယ်။ ကိုယ်ဘာအမှားလုပ်မိမလဲ ဆိုတာလည်း စိုးရိမ်မိတယ်။ ဒါပေမယ့် ငါလုပ်နိုင်မှာပါဆိုတဲ့ ယုံကြည်ချက်နဲ့ လုပ်ခဲ့တဲ့အတွက် အောင်မြင်သွားပါတယ်"ဟု မသီရိရည်မွန်က ဆိုသည်။

ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် တတိယနှစ် ကျောင်းသူ မလှဲ့ယမင်းဦးက "ပြင်ဦးလွင် ကင်းထောက်စခန်း ကတည်းက ပါဖူးပါတယ်။ အတွေ့အကြုံတွေကတော့ များပါတယ်။ ကင်းထောက်ဆိုတာဘာလဲ။ ကင်းထောက်တစ်ယောက်မှာရှိသင့်တဲ့ စိတ်နေစိတ်ထား၊ ကင်းထောက်တစ်ယောက်ဆိုတာ ကင်းထောက်ဝတ်စုံ ဝတ်လိုက်ရုံနဲ့ ကင်းထောက်မဖြစ်ဘူး။ စိတ်ဓာတ်ထားတတ်ဖို့က အရေးကြီးတယ်။ ကင်းထောက်ဆိုတာ ယုံကြည်စိတ်ချရတယ်။ သူတစ်ပါးကို စွမ်းအားရှိသလောက်ကူညီရမယ်။ စည်းလုံးညီညွတ်မှုရှိရမယ်။ အဲဒီလို စိတ်ဓာတ်တွေထားရမယ်။ ကောင်းမှုတစ်ခုနေ့စဉ်ပြုဆိုတဲ့ ကင်းထောက်ကတိတစ်ခုကို တည်မှသာ ကင်းထောက်လို့ပြောလို့ရတာပါ"ဟု ကင်းထောက်တစ်ယောက်ရဲ့ ထားရှိရမည့် စိတ်ထားနှင့်ပတ်သက်၍ ပြောပြသည်။

ကင်းထောက်လူငယ်မောင်မယ်လေးများမှာ နိုင်ငံ၏ အညွန့်ဖူးသားကောင်းရတနာလေးများပင်ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းသော၊ စည်းလုံးညီညွတ်သော၊ တက်ကြွလန်းဆန်းသော ကင်းထောက်မောင်မယ်လေးများအား စိမ်းလန်းစိုပြည်သည့် ပုပ္ပားတောင်စခန်းတစ်ခွင်တွင် တစုတဝေးတည်း ဆုံတွေ့စေခြင်းသည် နုပျိုလန်းဆန်းသော နှလုံးသားများနှင့် အနာဂတ်အတွက် သားကောင်းရတနာလောင်းများဖြစ်အောင် နိုင်ငံတော်က အရှည်မျှော်တွေး၍ ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။

ဤပုပ္ပားတောင်စခန်း၏ ဘူမိနက်သန်နေရာမှန်တွင် လွန်လေပြီးသော နှစ် ၅၀ ကျော်ကာလများကလည်း ယနေ့ ကင်းထောက်ဟောင်းကြီးများ ငယ်ရွယ်စဉ်ကာလတွင် စခန်းတစ်ထောက်ချခဲ့ရာ နေရာလည်းဖြစ်သည်။ အတိတ်က ကင်းထောက်မောင်မယ်များသည် အချိန်ကာလ ရွေ့လျား၍ အရွယ်ရောက်သောအခါ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ခဲ့သော နိုင်ငံ့သားကောင်းများ ဖြစ်လာကြပေပြီ။ နိုင်ငံအကျိုးပြုသူများ၊ နိုင်ငံအတွက် အားထားရသူများ ဖြစ်နေကြချေပြီ။

အဆိုပါကင်းထောက်ဟောင်းကြီးများအနက်မှ အချို့ ကင်းထောက်ဟောင်းကြီးများလည်း ယနေ့ ကင်းထောက် မောင်မယ်များ တွေ့ဆုံပွဲသို့ ငယ်မူပြန်သည်ဟုပင်ဆိုဆို၊ လက်ဆင့်ကမ်းအမွေပေးသည်ဟုပြောပြော တစ်တပ်တစ်အားပါဝင်တက်ရောက်နေကြပေသည်။ အတိတ်က ကင်းထောက်မောင်မယ်များ၏ ဘဝ၊ တက်ကြွသည့်အားမာန်၊ မြင့်မားသည့် ကိုယ်ရည်ကိုယ်သွေးစသည့် ၎င်းတို့ ငယ်ရွယ်စဉ်ဘဝ အတွေ့အကြုံများနှင့် အသိအမြင်များကို မျှဝေပေးခြင်းဖြစ်ကြသည်။ မျိုးဆက်သစ် ကင်းထောက်မောင်မယ်များအား လက်ဆင့်ကမ်းအမွေပေးသည်။

ကင်းထောက်ဟောင်းကြီးများအနက် ကင်းထောက်ဟောင်း ဦးညွန့်ထွန်းက "ကျောင်းသားဘဝကတည်းက ကိုယ်တိုင်ကင်းထောက်လုပ်ဖူးခဲ့တော့ ကင်းထောက်လုလင်တွေရဲ့ လုပ်ငန်းတန်ဖိုး၊ အကျင့်စာရိတ္တ အလေ့အကျင့်ကောင်းတွေကို ယခုခေတ်မျိုးဆက်သစ်လူငယ်တွေကို သိစေချင်ပါတယ်။ ကျွန်တော်တို့ကို ကင်းထောက်ဆရာက ကြိုးချည်နည်း၊ မီးခြစ်မပါဘဲ မီးမွှေးနည်း၊ တဲထိုးနည်း၊ စူးစမ်းရှာဖွေနည်း၊ လေ့လာကြည့်ရှုနည်းတို့အပြင် ယဉ်ကျေးလိမ္မာဖို့၊ စည်းကမ်းရှိဖို့၊ ကိုယ်ချင်းစာနာတတ်ဖို့၊ ကူညီရိုင်းပင်းတတ်ဖို့၊ စိတ်ကောင်းရှိဖို့ စတာတွေကို သင်ကြားပေးခဲ့ပါတယ်" ဟု ကင်းထောက်ဘဝ အတွေ့အကြုံများကို ရှင်းလင်းပြောပြသည်။

ထို့ပြင် ကင်းထောက်ဟောင်းကြီးတစ်ဦးဖြစ်သူ သီဟကင်းထောက်ကြီး ဦးခင်မောင်ငွေးကလည်း "ကင်းထောက်လုပ်ငန်းကို ၁၉၄၅ ခုနှစ်က စပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၁ ခုနှစ်က နယ်လ်ဆင်ကင်းထောက်အဖွဲ့ ကင်းစိတ် ဦးစီးအဖွဲ့ဝင်အဖြစ် မြို့တော်ဝန်ရဲ့အလံကို နိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်ဆီက လက်ခံရယူပြီး ဩစတြေးလျနိုင်ငံမှာ ပြုလုပ်တဲ့ (၇) ကြိမ်မြောက် ကင်းထောက်ဂျမ်ဘိုရီမှာ မြန်မာကိုယ်စားလှယ်ခြောက်ဦးထဲက တစ်ဦးအနေနဲ့ သွားရောက်ခဲ့ပါတယ်။ အသက်ကြီးပေမယ့်လည်း ကင်းထောက်လုပ်ငန်းကို ဝါသနာပါတဲ့အတွက် အသက်နဲ့ ကျန်းမာရေးကို မငဲ့ဘဲ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ကင်းထောက်ကြီးဖြစ်ပေမယ့် ကင်းထောက်ငယ်လေးတွေရဲ့ တက်ကြွတဲ့ စိတ်ဓာတ်ကိုလေးစားပြီး ငယ်ဘဝကို ပြန်သတိရမိပါတယ်။ အခုလို ပုပ္ပါးစခန်းချပွဲအနေနဲ့ အစစအရာရာ Organize လုပ်ရတာ မလွယ်မှန်း သိပါတယ်။ တစ်ခုတော့ရှိတယ်။ ကင်းထောက်ဟာ ကင်းထောက်ပဲ ဖြစ်ရမယ်။ အခြားအဖွဲ့အစည်းနဲ့ မတူရဘူး"ဟု ဆိုသည်။

ကင်းထောက်ဆိုသည်မှာ အင်္ဂလိပ်လို Scout ဟုခေါ်ပြီး တစ်လုံးချင်းစီ အဓိပ္ပာယ်ဖွင့်မည်ဆိုပါက S ဆိုသည်မှာ Smart၊ C ဆိုသည်မှာ Confident၊ O ဆိုသည်မှာ Obedient၊ U ဆိုသည်မှာ Unityနှင့် T ဆိုသည်မှာ Trust ဖြစ်သည်။ ထို့ကြောင့် ကင်းထောက်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အတူ ယနေ့ ကင်းထောက်လူငယ် မောင်မယ်များကလည်း အတိတ်ကကောင်းမြတ်သည့် အစဉ်အလာများနှင့်အညီ ၎င်းတို့အတွက် ယခုကဲ့သို့ အခွင့်ကောင်း အခြေအနေကောင်းများကို အသုံးချပြီး ဆက်လက်ကြိုးပမ်းအားထုတ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။



ကင်းထောက်မောင်မယ်များ ပုပ္ပားတောင်မကြီးပေါ်သို့ တက်ရောက်ကာ ကင်းထောက်တို့၏ စိတ်ဓာတ်ကို ပြသခဲ့ကြသည်။



ဦးခင်မောင်ငွေး



ဒေါ်နုနုရီ



မအိမ့်သက်စု



မသီရိရည်မွန်



မလှဲ့ယမင်းဦး

## ရေစကြိုမြို့နယ်၌ ပရိယတ္တိစာမေးပွဲ ကျင်းပဖြေဆို

**ရေစကြို မတ် ၃**

ရေစကြိုမြို့နယ် ပရိယတ္တိပညာရေးအဖွဲ့က ကြီးမှူး၍ မြို့နယ်လုံးဆိုင်ရာ (၁၄) ကြိမ်မြောက် ပရိယတ္တိစာမေးပွဲကို မတ် ၁ ရက်မှ မတ် ၅ ရက်ထိ မဟာဓမ္မကလျာဏီသာသနာ့ဗိမာန်၌ ကျင်းပလျက်ရှိရာ အခြေပြုမူလတန်းတွင် သာမဏေ ၁၄ ပါး၊ သီလရှင် လေးပါး၊ ပထမငယ်တန်းတွင် သာမဏေ ခုနစ်ပါး၊ သီလရှင် တစ်ပါးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရှိရသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# ရ- ရထားကြီးပျော်ပျော်စီးရအောင်

မခင်ထား

စာရေးသူကတော့ ကိုယ့်ကိုယ်ကိုယ် 'မမ'ချစ်သူလို့ ဆိုချင်ပါတယ်။ ခရီးစဉ်အမျိုးမျိုးကို မီးရထားစီးခဲ့ဖူးတဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ပါဘူး။ ဘယ်လောက်ပဲ ကားလမ်း၊ လေယာဉ်ခရီးစဉ်ရှိရှိ ရထားလမ်းပေါက်လို့ကတော့ မီးရထားပဲ စီးဖြစ်ပါတယ်။

လေးတန်းစာမေးပွဲအပြီး နွေရာသီကျောင်းပိတ်ရက်မှာ မန္တလေးမြို့မှာရှိတဲ့ အမေကြီးမိသားစုထံ အလည်သွားချိန်ကစလို့ မီးရထားစီးခဲ့ဖူးတာပါ။ အဲဒီအချိန်က ဘူတာရုံမှာ မီးရထားဆိုက်ပြီဆိုရင် မြေရေအိုးလေးတွေ ခေါင်းပေါ်ရွက်ပြီး ရေကုသိုလ်၊ ရေကုသိုလ်ဆိုကာ ရေကုသိုလ်ရှင်လေးတွေကို တွေ့ရပြီး ရေအေးအေးလေးသောက်ခဲ့ရတာတွေကို အမှတ်ရမိပါသေးတယ်။ မိုးညှင်းသမ္ဗုဒ္ဓေစေတီတွေဆီကိုလည်း ရထားနဲ့ပဲ သွားဖူးခဲ့ရပါသေးတယ်။

အဲဒီနောက်ပိုင်း ဘယ်မှအသွားအလာမရှိလို့ မီးရထားမစီးဖြစ်ခဲ့ပေမယ့် ဝန်ထမ်းဖြစ်ပြီး ၁၉၈၂ ခုနှစ်ကစလို့ မီးရထားစီးခဲ့ရတာ ခဏခဏပါပဲ။ ဟိုတုန်းက မြန်မာ့အသံကလွှင့်ခဲ့ဖူးတဲ့ 'ရန်ကုန် -မန္တလေးခရီးထွက်မယ်' သီချင်းထဲကအတိုင်း ရန်ကုန် - မန္တလေးရထားလမ်းတစ်လျှောက် ဘူတာစဉ်တွေကို အလွတ်ရနေပါတယ်။ ရန်ကုန်-မန္တလေးရထားကို အများဆုံးစီးခဲ့ရပါတယ်။ တချို့က မီးရထားစီးရင် အရမ်းခုန်တယ်၊ ကြာတယ်၊ အချိန်မမှန်ဘူး၊ ပျင်းစရာကောင်းတယ်လို့ ဆိုကြပါတယ်။ တကယ်တော့ မြန်မာ့မီးရထားက ဝန်ထမ်းဆို ရထားလက်မှတ်ခ လျှော့ပေးခဲ့တာပါ။ အားပေးသင့်ပါတယ်။

ဝန်ထမ်းဘဝမှာ ပြည်ရထား၊ မော်လမြိုင်ရထား၊ အောင်လံရထား၊ လွိုင်ကော်ရထား၊ လားရှိုးရထား၊ နေပြည်တော်ရထား၊ မတ္တရာတောင်ပြုန်းပွဲရထား အစုံစီးခဲ့ဖူးပါတယ်။ လယ်ဝေးမြို့မှာ တာဝန်ကျစဉ်က တာဝန်အရ ခရီးထွက်ရရင် ကုန်ရထား၊ သစ်လုံးရထားတွေနဲ့ အကြုံလိုက်တဲ့အခါလည်း လိုက်ရပါတယ်။ ကားရထားဆိုတဲ့ ရထားသေးသေးလေးလည်း စီးဖူးပါတယ်။ မြို့ပတ်ရထားဆို မြေးနဲ့အပျော်လိုက်စီးပါတယ်။ ဝန်ထမ်းဘဝက အနားယူပြီး မြစ်ကြီးနားမြို့ သွားလည်စဉ်ကလည်း အသွားအပြန်ရထားနဲ့ပါပဲ။ ဘယ်နေရာမှာ ရထားလမ်းအသစ်ဖောက်နေပြီဆိုတာ ကြားရင်ကိုပဲ ဝမ်းသာနေတာ။

ညရထားစီးရင်တော့ အိပ်လိုက်သွားတာများပြီး နေ့ရထားစီးရင်တော့ ရထားလမ်းဘေးဝဲ၊ ယာက ရှုခင်းတွေ အမျိုးမျိုးကို ငေးရတာပေါ့။ လယ်သမားကြီးတွေ လယ်ယာလုပ်ငန်းခွင်ဝင်နေတဲ့အချိန်ဆို ရှုခင်းတွေတစ်မျိုး၊ စပါးပင်တွေစိမ်းစိမ်းစိုစိုရှိတဲ့အချိန်၊ စပါးခင်းကြီးရွှေရောင်ဝင်းမှည့်ချိန်၊ ဂေါ်ဖီစိုက်ခင်းတွေ၊ ငရုတ်ခင်းတွေ၊ ကုံခင်းတွေ၊ ကြက်သွန်ခင်းတွေကို စိုက်ပျိုးရေးရာသီအလိုက် အမျိုးမျိုးတွေ့ရပါတယ်။

ပဲခူးဆို ပြောင်းဖူးပြုတ်၊ ဒိုက်ဦးဆို ဖရဲသီးနဲ့ကွာစေ့၊ ဖြူးမှာ သီးမွှေးငှက်ပျောသီးနဲ့ မြေပဲယို၊ တောင်ငူမှာ မင်းဂွတ်သီးနဲ့ ဒူးရင်းသီး စတဲ့ဒေသအလိုက် အသီးအနှံစုံတွေ ဘူတာရုံမှာမြင်ရဝယ်ရတယ်။ စာကလေးချိုးကြော်နဲ့ ဆီထမင်းလည်း ပါသေးတယ်။

တစ်ခါတစ်ရံမှာတော့ စက်ခေါင်းပျက်တာနဲ့ ကြုံရတတ်ပါတယ်။ အဲဒီအခါ စားစရာ၊ သောက်စရာဆိုင်မရှိတဲ့နေရာဖြစ်ရင် အစာငတ် ရေငတ်ဖြစ်ရပြန်ရော။ ရထားနောက်ကျပြီး ရုံးမမီမှာစိုးလို့ အပြေးအလွှားကားပြောင်းစီးတဲ့အခါ စီးရနဲ့ပေါ့။ အဆင်မပြေမှုတွေရှိခဲ့ရပါတယ်။ အဲဒီအဟောင်း အကြောင်းတွေထားပြီး အကြောင်းကောင်းတွေပဲ ပြောကြပါစို့။

ဒီဆောင်းပါးလေးရေးဖြစ်တဲ့ အကြောင်းကတော့ ၁၈-၂-၂၀၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "ရထားကောင်းကောင်းစီးကြစို့" ဆောင်းပါးလေးကိုဖတ်မိလို့ပါ။ မြန်မာ့မီးရထားရဲ့သက်တမ်း နှစ်တစ်ရာကျော်ကာလရှိခဲ့ပြီး လက်ရှိအခြေအနေမှာ စက်ခေါင်း၊ လူစီးတွဲအချို့သက်တမ်းလွန် အကျပိုင်းရောက်နေကြောင်း သိရပါတယ်။ သို့သော်လည်း မြန်မာ့မီးရထား အဆင့်အတန်းတိုးတက်မြင့်မားလာစေရန် လမ်းများပြုပြင်ခြင်း၊ တွဲဆိုင်းအသစ်ဝယ်ယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

မှန်ပါတယ်။ ရထားသံလမ်း၊ စက်ခေါင်း၊ တွဲဆိုင်း၊ အချက်ပြဆက်သွယ်ရေးကိရိယာစတဲ့ ဝတ္ထုပစ္စည်းအမျိုးမျိုးပြည့်စုံကောင်းမွန်နေဖို့လိုသလို ကိုင်တွယ်မယ့်၊ ဝန်ဆောင်မယ့် ကျွမ်းကျင်ဝန်ထမ်းများ ပြည့်ပြည့်စုံစုံရှိနေပါမှ "ဂျုံးဂျုံးဂျက်အော်သံပေး ရထားလေးသည် ခရီးဆက်ကာ ပြည်သူ့အရေး လုပ်အားပေးမည်" ဖြစ်မှာပါ။

စာရေးသူအနေနဲ့ မီးရထားနဲ့ လောလောလတ်လတ် ခရီးသွားထားတာမို့ ပူပူနွေးနွေး ကိုယ်တွေ့လေးပါ။ ဖေဖော်ဝါရီ ၁၆ ရက်နေ့ နံနက် ၁၁ နာရီမှာ ရန်ကုန်ဘူတာကြီးကနေ အမှတ် (၉) အဆန်ရထားနဲ့ ခရီးစတင်ခဲ့ပါတယ်။ ထိုင်ခုံ ၃၀ ပါ အထက်တန်းတွဲမှာ ခရီးသည်လေးဦးပဲ ပါပါတယ်။ ဖောင်တော်သီမှာ နှစ်ယောက်ဆင်းသွားပြီး ဖြူးဘူတာကျ တစ်ဦးတက်လာပါတယ်။ သာစည်ဘူတာရောက်တော့ နိုင်ငံခြားသားခရီးသွားရှစ်ဦး တက်လာပါတယ်။ ထိုင်ခုံလွတ်တွေပေါလွန်းလို့ ဟိုဘက်ရှုခင်းကြည့်ဖို့ရွှေ့ထိုင်လိုက်၊ ဒီဘက်ရှုခင်းကြည့်ဖို့ ရွှေ့ထိုင်လိုက်နဲ့ပေါ့။

ကလောဘူတာရောက်တော့ နိုင်ငံခြားသားခရီးသွားလေးဦးနဲ့ စာရေးသူတို့နှစ်ဦး ကျန်ပါတော့တယ်။ ရိုးရိုးတန်းတွဲမှာလည်း ခရီးသည်က တစ်ဦးစ၊ နှစ်ဦးစပဲ ပါပါတယ်။ မီးရထားကြီးကတော့ လယ်ပြင်၊ ပထမလွန်းထိုး၊ ခွေးရုပ်၊ ဆင်တောင်၊ မြင်းတိုက်၊ စတုတ္ထလွန်းထိုးတွေနဲ့ တအိအိ ခုတ်မောင်းလာရင်း ကလော၊ အောင်ပန်း၊ ဟဲဟိုးဘူတာတွေကိုဖြတ်ကျော်ရင်း ရွှေညောင်ဘူတာကို ၁၇ ရက်နေ့ညနေ ၅ နာရီမှာ ဆိုက်ရောက်ခဲ့ပါတယ်။ ရထားလမ်းတစ်လျှောက် ရှုခင်းလေးတွေနဲ့ဘူတာစဉ် ဓာတ်ပုံလေးတွေရိုက်ပြီး ရ. . ရထားကြီးပျော်ပျော်စီး၊ မီးရထားပေါ်မှာ နှစ်ရက်အသက်ကြီးသွားတယ်ဆိုပြီး ဖေ့စ်ဘွတ်(ခ်)ပေါ်တင်လိုက်တော့ သူငယ်ချင်းတစ်ယောက်က ဟယ်- ရထားခ ဒီလောက်ပဲပေးရပြီး အကြာကြီးစီးရတာတန်တာပေါ့ဆိုပြီး ကွန်မင့်ပေးပါတယ်။ အင်း- ကိုယ့်ဘက်ကတော့ တန်တယ်ထင်ရပေမယ့် ဒီခရီးစဉ်တစ်ခုအတွက် မြန်မာ့မီးရထားအနေနဲ့တော့ တော်တော်အရှုံးပေါ်သွားမှာပါ။

ရန်ကုန်- ရွှေညောင်ခရီးစဉ်ကို အကြာကြီးစီးခဲ့ရပေမယ့် ခရီးစဉ်အစအဆုံး သန့်စင်ခန်းသုံးရေနဲ့ လက်ဆေးကန်ရေပြည့်စုံခဲ့တာကတော့ စီးခဲ့ဖူးသမျှရထားတွေထဲမှာ အဆင်အပြေဆုံးနဲ့ စိတ်အချမ်းသာဆုံး ခရီးစဉ်တစ်ခုလို့ မှတ်ချက်ပြုပါရစေ။ နောက်ထပ်အဆင်ပြေတာ တစ်ခုပြစရာရှိပါသေးတယ်။ အဲဒါကတော့ ရထားတွဲပေါ်မှာ ဖုန်းအားသွင်းလို့ ရနေခြင်းပါ။

ကဲ အပြန်စီးခဲ့တဲ့ မီးရထားအကြောင်းလေး စလိုက်ပါဦးမယ်-

အပြန်လမ်းကြောင်းကို ရွှေညောင်မှ သာစည်အထိ ကားနဲ့ဆင်းလိုက်ပါတယ်။ သာစည်ဘူတာကမှ ရန်ကုန်-မန္တလေး အမှတ် (၆) အစုန်ရထားတက်စီးလိုက် ပါတယ်။

သာစည်ဘူတာ အမှတ် (၁) စင်္ကြံမှာ ရထားအဝင်ကို စောင့်နေစဉ် မျဉ်းဝါတားထားပြီး မျဉ်းဝါကျော်ရင် ရထားနဲ့ကပ်လွန်းပြီး အန္တရာယ်ရှိကြောင်း သတိပေးနေတာ တွေ့ပါတယ်။ အရင်တုန်းက ရထားဝင်လာရင် ကိုယ်စီးရမယ့်တွဲက အရှေ့နားရောက်မှန်း၊ အနောက်နားရောက်မှန်း မသိတော့ ဟိုပြေးဒီပြေးနဲ့ အခုတော့ ဘယ်တွဲက စက်ခေါင်းနဲ့ ဘယ်နှတွဲမြောက်မှာ ရှိမယ်ဆိုပြီး အသံချဲ့စက်နဲ့ ကြေညာပေးနေတော့ တွဲရှာရတာ တော်တော်အဆင်ပြေသွားပါတယ်။

ဒီ အမှတ်(၆)အစုန်ရထားကို စီးဖို့ရွေးချယ်တာကလည်း မကြာခင်ကမှ စတင်ပြေးဆွဲတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မှာယူတင်သွင်းပြီး အဆင့်မြှင့်ခေတ်မီ လေအိတ်စနစ်ပါဝင်တဲ့ တွဲဆိုင်းအသစ်တွေကို စီးကြည့်ချင်လို့ပါ။

တွဲသစ်တွေဖြစ်ပြီး ထိုင်ခုံတွေ၊ သန့်စင်ခန်းတွေ အကုန်ကောင်းတယ်။ တွဲပေါ်မှာ တစ်တွဲတန်ဖိုး ဒေါ်လာလေးသိန်း စာကပ်ထားပြီး ခရီးသွားပြည်သူတွေအနှောင့်အယှက်ဖြစ်စေမယ့် ဆေးလိပ်သောက်၊ ကွမ်းစား၊ အမှိုက်ပစ်စတဲ့ အပြုအမူတွေမလုပ်ဖို့ ပုံနဲ့သတိပေးစာတွေ ကပ်ထားပါတယ်။ လုံခြုံရေးကင်မရာ တပ်ထားတယ်။ ဘူတာတစ်ခုဆိုက်တော့မယ်ဆိုရင် မကြာခင် ဘယ်ဘူတာ ရပ်နားပါတော့မယ်ဆိုပြီး ကြေညာပေးတယ်။ တေးသံသာများလွှင့်ပေးတယ်။

ရထားတွဲအတက်၊ အဆင်း တံခါးများကိုလည်း တာဝန်ရှိသူကိုယ်တိုင် ရထားသေသေချာချာရပ်မှ ဖွင့်ပေးတယ်။ ရထားပေါ်မှာ လိုအပ်ချက်မရှိစေရန် အချိန်ပြည့် လိုက်ကြည့်ပေးနေကြပါတယ်။ ပဲခူးဘူတာရောက်တော့ အရင်တုန်းက ရထားပေါ်တော်သလို တက်စီးနေကျမို့လား မသိပါ။ ဒီရထားပေါ်ကို တာဝန်ရှိသူက ပေးမတက်တော့ အော်ဟစ်ပြောဆိုနေသံ ကြားလိုက်ရပါသေးတယ်။ အခု တွဲဆိုင်းသစ်ကြီးတွေကို တာဝန်ရှိသူက အချိန်ပြည့်စောင့်ကြည့်နေသလို ခရီးသွားများကလည်း သက်သောင့်သက်သာနဲ့ စည်းကမ်းရှိရှိ စီးသွားကြမယ်ဆိုရင် မြန်မာ့မီးရထားခရီးသွားအဆင့်အတန်း တိုးတက်မြင့်မားလာမှာပါ။

မီးရထားနဲ့ ခရီးသွားလာခြင်းနှင့် စပ်လျဉ်းပြီး စိတ်ဝင်စားဖွယ် ဖွဲ့ဆိုထားသော မြန်မာ့အသံရေဒီယိုတေးသီချင်းများလည်း များစွာရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ် ၄၀ ကျော်ကဖြစ်လို့ ဟိုတစ်စ ဒီတစ်စသာမှတ်မိပါတော့တယ်။ ခရီးသွားဆွဲဆောင်မှုတစ်ရပ်အနေနဲ့ အဆိုပါ သီချင်းများကိုလည်း မကြာခဏ ပြန်လည်ထုတ်လွှင့်ပေးစေချင်ပါသေးတယ်။

အခုစာရေးသူရဲ့ မီးရထားနှစ်မျိုးနဲ့ ခရီးသွားခဲ့တဲ့အကြောင်း နိဂုံးချုပ်ပါတော့မယ်။ အရင်တုန်းကလို ဘယ်ညာရမ်းလိုက် အထက်အောက်ခုန်လိုက်တွေ မရှိတော့ပါ၊ အချိန်လည်းမှန်ပါတယ်။ သက်သောင့်သက်သာနဲ့ ခရီးသွားလာခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ "ပျော်စရာရွှင်စရာ ခရီးသွား . . . . စီးမလား . . မီးရထား . . . ။ ။

ဓာတ်ပုံ- ဦးသူရိန်(ဘားအံ)



ဂျပန်နိုင်ငံမှ မှာယူတင်သွင်းပြီး မြန်မာ့မီးရထားလမ်းပိုင်းများတွင် ပြေးဆွဲမည့် DEMU ရထားတွဲသစ်များကို တွေ့ရစဉ်။

# ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးဦးစီးဌာနမှ အကျိုးခံစားခွင့်ထုတ်ပေး

**ပဲခူး မတ် ၃**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေလုံးငွေရင်း အကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ လူမှုဖူလုံရေးရုံးချုပ် နေပြည်တော်ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်း၊ တိုင်းဒေသကြီး လူမှုဖူလုံရေးဦးစီးဌာန တာဝန်ခံအရာရှိ ဦးချစ်ကိုကိုနှင့် ဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဖူလုံရေးရုံးချုပ် နေပြည်တော် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်လေးပင်မြို့ သာယာကုန်း လျှပ်စစ်ဓာတ်အားခွဲရုံ စီမံကိန်းမန်နေဂျာ (၂) ရုံးမှ အာမခံအလုပ်သမား ဦးတင်ဇော်မင်းသည် နေပြည်တော်သို့ တာဝန်ဖြင့်ခရီးသွားစဉ် ဆိုင်ကယ်နှင့် ကားတိုက်မိ၍ သေဆုံးသွားသဖြင့် ကျန်ရစ်သူမိသားစုအား နာရေးစရိတ် ကျပ် ၃၆၉၀၀၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ကျပ် ၅၄၀၀၀၀၀ အားလည်းကောင်း၊ မြန်မာ့မီးရထားဌာန ကျိုက်လှဂိတ်တွင် တာဝန်ထမ်းဆောင်နေသော အာမခံအလုပ်သမား ဦးပန်းညွှန့်သည် ၃. ၇. ၂၀၁၅ ရက် ည ၁၁ နာရီတွင် အမှတ်( ၃၅) အဆန် ရန်ကုန်- မော်လမြိုင် ရထားဝင်လာသည့်အတွက် ဂိတ်တံခါးပိတ်ရန် ရထားသံလမ်းကို ဖြတ်ကျော်စဉ် မတော်တဆ ခလုတ်တိုက်ပြီးချော်လဲရာမှ ရထားဖြတ်သန်းသည်နှင့် ကြုံ၍ ရထားတိုက်ဒဏ်ရာဖြင့် သေဆုံးသွားသဖြင့် ကျန်ရစ်သူမိသားစုအား နာရေးစရိတ် ၂၂၂၃၄၅ ကျပ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ကျပ် ၃၆၄၅၀၀၀တို့အား ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက ပေးအပ်သည်။

ထို့နောက် ပင်မထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်မှ အာမခံအလုပ်သမား ဦးမြတ်တင်ဖြိုးသည် ၁၄. ၁၁. ၂၀၁၅ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ကွန်တိန်နာပေါ်မှ ဂုန်နီအိတ်ထုပ်များကို ဖောကလစ်ပေါ်တင်ရန် ထမ်းသွားစဉ် ခြေခေါက်လဲကျကာ ဂုန်နီအိတ်ထုပ် ပိမိသေဆုံးသွားသောကြောင့် နာရေးစရိတ် ၁၈၉၁၁၃ ကျပ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ကျပ် ၂၇၆၇၅၀၀ တို့အား တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးချစ်ကိုကိုက ကျန်ရစ်သူမိသားစုအား ပေးအပ်သည်။ လူမှုဖူလုံရေးဦးစီးဌာနအနေဖြင့် အာမခံအလုပ်သမားများ၏ မမာကျန်းမှု အကျိုးခံစားခွင့်၊ လုပ်ငန်းခွင့်ထိခိုက်မှုအကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ (၅၈၈)

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာပေါင်း ၅၃၉၄ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ စီမံကိန်းစတင်သည့်လပေါင်း ၂၁ လကာလအတွင်း ရန်ပုံငွေကျပ် ၆ ဒသမ ၉၁၃ ဘီလီယံတိုးပွားလာ

**နေပြည်တော် မတ် ၃**

ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားစေမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၅၃၉၄ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီမံကိန်း မှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ မတည်ပေးပြီး စီမံကိန်းစတင်သည့် ၂၁ လ ကာလအတွင်း စီမံကိန်းကျေးရွာများ၌ ရန်ပုံငွေကျပ် ၆ ဒသမ ၉၁၃ ဘီလီယံတိုးပွားလာခဲ့ကြောင်း ယနေ့ နံနက် ၉ နာရီတွင် ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ပြုလုပ်သော မွေးမြူ ရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီး ဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်း အဝေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်း အခမ်း အနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြား သည်။ **(အပေါ်ယာပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူတို့၏ လိုလားချက်များဖြစ်သည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင် ရန် ၂၀၁၃ ခုနှစ် ဩဂုတ် ၉ ရက်က ဝန်ကြီးဌာနကိုပြင်ဆင် ဖွဲ့စည်းပြီး အဆိုပါလုပ်ငန်းစဉ်များကို အဓိကတာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း။

ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ငါးနှစ်တာကာလအတွင်း ကျေးလက်လမ်းအရှည် စုစုပေါင်း (၄၇၄၀၈/၃)မိုင်၊ ကျေးလက်တံတား ၂၂၃၃၉၅ ပေ၊ ကျေးရွာပေါင်း ၁၄၆၄၀ တွင် ကျေးလက်ရေရရှိရေးလုပ်ငန်း ၂၃၃၅၃ ခု၊ ကျေးရွာ ပေါင်း ၄၇၇၅ ရွာတွင် ကျေးလက်မီးလင်းရေးလုပ်ငန်းပေါင်း ၃၅၉၅၇၈ ခုနှင့် ကျေးရွာပေါင်း ၉၈၉ ရွာတွင် ကျေးလက် အိမ်ရာလုပ်ငန်း ၆၀၃၃ လုံးတို့ကို တည်ဆောက်ပေးနိုင် ခဲ့ပါကြောင်း။

အလားတူ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် မူလက မြို့နယ် ၁၅ မြို့နယ်၌သာ ဆောင်ရွက်ခဲ့ရာမှ အောင်မြင်မှုများကြောင့် ရန်ပုံငွေများ ပိုမိုရရှိလာပြီး မြို့နယ် ၆၃ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက် နိုင်တော့မည်ဖြစ်ပါကြောင်း၊ စီမံကိန်းမှ ကျေးရွာအုပ်စု တစ်စုလျှင် တစ်နှစ်ငွေကျပ်သိန်း ၂၀၀ မှ သိန်း ၁၂၀၀ အထိ လေးနှစ်ဆက်တိုက် ထောက်ပံ့ပေးလျက်ရှိရာ ယင်း ထောက်ပံ့ငွေကို ကျေးရွာလူထု၏ စီမံခန့်ခွဲမှုဖြင့် ကျေးလက် အခြေခံအဆောက်အအုံများ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျေးရွာများ၏ ပကတိလိုအပ်ချက်ကို ဒေသခံရွာသူ ရွာသားများကိုယ်တိုင် ဆန်းစစ်ဖော်ထုတ်၍ ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို လည်း မြို့နယ် ၃၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၇၀ တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းမှ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဖြင့် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၅၀ ထောက်ပံ့၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာများမှ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ ကြောင်း။

ထို့ပြင် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၄၂ ဖွဲ့ဖြင့် ပူးပေါင်း၍ အသား၊ ငါး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းပေါင်း ၅၅ ခုကို ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၇၁၂ သန်း၊ ဩစတြေးလျဒေါ်လာ သုည ဒသမ ၄၅ သန်း၊ ယူရို ၃၉ သန်း၊ ဂျပန်ယန်း ၉၉၄ သန်း၊ စတာ လင်ပေါင် သုည ဒသမ ၃၇ သန်း၊ ထိုင်းဘတ် သန်း ၅၀ တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေး၌ ဝန်ကြီးဌာနမှ ဆောင်ရွက် လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကို ပြန်လည်သုံးသပ် ဆွေးနွေးခဲ့သည့်အပြင် အယ်လ်နီညိုကြောင့် ရေရှားပါး သောဒေသများ ရေရရှိရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများကို ထည့်သွင်းဆွေးနွေးကြသည်။

ထို့ပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန စွမ်းဆောင်ရည်ဆုများကို ချီးမြှင့်ရာ စွမ်းဆောင်ရည်ဆု စုစုပေါင်း ၃၂ ဆုကို ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရုံးမှ ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ စွမ်းဆောင်ရည်ဆု နှစ်ဆု၊ မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှ မြစိမ်းရောင်စီမံကိန်း(အသားကဏ္ဍ) မွေးမြူရေး ကျေးရွာ အကောင်အထည်ဖော်မှု ဂုဏ်ပြုဆုအပါအဝင် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်အလိုက် စွမ်းဆောင်ရည်ဆု ၁၂ ဆု၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရေလုပ်ငန်း ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်စီမံကိန်း (ငါးကဏ္ဍ) အကောင်အထည်ဖော်မှု ဂုဏ်ပြုဆုအပါအဝင် ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်အလိုက် စွမ်းဆောင် ရည်ဆု ခုနစ်ဆု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့ သည့် အဓိကလုပ်ငန်းနယ်ပယ်များအလိုက် စွမ်းဆောင် ရည်ဆု ကိုးဆုနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တက္ကသိုလ်ဥပမိရပ် ကောင်းမွန်ရေးအတွက် စွမ်းဆောင် ရည်ဆုနှစ်ဆုတို့ကို ချီးမြှင့်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါဖြစ်ပွားမှု မဟာမဲခေါင်ဒေသခွဲတွင် အများဆုံးဖြစ်

**နေပြည်တော် မတ် ၃**

အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန် အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ၁၉၉၀ ခုနှစ်တွင် ငှက်ဖျား ရောဂါကြောင့် သေဆုံးမှုမှာ လူဦးရေတစ်သိန်းလျှင် ၁၃ ဦး ခန့်ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သေဆုံးမှုသည် လူဦးရေ တစ်သိန်းလျှင် တစ်ဦးအောက်လျော့နည်းသည်အထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသော ငှက်ဖျားရောဂါကင်းဝေးရေး လုပ်ငန်းစီမံချက် ဆရာဖြစ်သင်တန်း "Training of Trainers for VBDC Field Staff Malaria Elimination (Central Level)" ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြောကြားသည်။

ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်၏ ရောဂါနှိမ်နင်း ရေးရည်မှန်းချက်အမှတ်(၆)၊ ငှက်ဖျားရောဂါဆိုင်ရာ မျှော်မှန်းရလဒ်အမှတ်(၈)ကို အောင်မြင်စွာဆောင်ရွက် နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံ ငှက်ဖျားရောဂါဖြစ်ပွားမှုသည် မဟာမဲခေါင်ဒေသခွဲတွင်အများဆုံးဖြစ်နေပြီး အာတီမီ စီနင်ငှက်ဖျားဆေးယဉ်ပါးမှုသည်လည်း ခြိမ်းခြောက်မှု တစ်ရပ် ဖြစ်လာပါကြောင်း၊ မြန်မာနိုင်ငံတွင်ငှက်ဖျား ရောဂါကြောင့်သေဆုံးမှုမရှိစေရေးနှင့် ငှက်ဖျားရောဂါ ဖြစ်ပွားမှု လူတစ်ထောင်လျှင် တစ်ဦးအောက် လျော့နည်း အောင် ဆောင်ရွက်နိုင်မှသာ အရှေ့တောင်အာရှဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေးကို ဦးတည်နိုင်မည်ဖြစ် ကြောင်း။

အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပြည်တွင်း/ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း ကြိုးပမ်းအားထုတ်မှုများနှင့် Global Technical Strategy (GTS) နှင့် Greater Mekong sub-region (GMS) Malaria Elimination Strategy တို့အပေါ် မူတည်၍ မြန်မာနိုင်ငံအခြေအနေနှင့် သင့်တော်မည့် ငှက်ဖျားရောဂါကင်းဝေးရေး ရည်ရွယ်ချက်များကို ချမှတ် ထားခြင်းဖြစ်ပါကြောင်း။

ငှက်ဖျားရောဂါဆိုင်ရာသတင်းအချက်အလက်များ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကပ်ရောဂါအသွင် ဖြစ်ပွားမှုများ ဆောလျင်စွာသိရှိနိုင်ရေးလုပ်ငန်းများ၊ တုံ့ပြန်ထိန်းချုပ်နိုင်ရေးလုပ်ငန်းများ ပိုမိုအားကောင်းလာ စေရန်အတွက် လုပ်ငန်းဆိုင်ရာ အရည်အသွေးများကို စဉ်ဆက်မပြတ်မြှင့်တင်ပေးရန် လိုအပ်ကြောင်း ဒုတိယ ဝန်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဗဟိုနှင့်တိုင်းဒေသကြီး/ပြည်နယ် များမှ ငှက်ဖျားဆရာဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင် ဆရာဝန်များ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကို မတ် ၃ ရက်မှ ၆ ရက်အထိ လေးရက်တာ သင်ကြားဆွေးနွေး သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါသည် ပထမဦးစားပေး တိုက်ဖျက်ရသောရောဂါများအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ငှက်ဖျားရောဂါကင်းဝေးရေးစီမံချက်၏ ရည်ရွယ် ချက်များမှာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ငှက်ဖျားပိုးတွေ့ရှိမှု လူတစ်ထောင်လျှင် တစ်ယောက် အောက် လျော့နည်းစေရန်၊ ၂၀၃၀ ခုနှစ်တွင် ငှက်ဖျား ရောဂါပိုးကင်းဝေးသော မြန်မာနိုင်ငံ ဖြစ်လာစေရေးတို့ ဖြစ်သည်။ ယခုသင်တန်းတွင် တက်ရောက်ဆွေးနွေးကြ ခြင်းဖြင့် အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက် ဝန်ထမ်းများ နည်းပညာအရည်အသွေး မြင့်မားလာပြီး လုပ်ငန်းစနစ်များကို အဆင့်တိုင်းတွင် အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရ သည်။

**(သတင်းစဉ်)**

ooo



# ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် အာဆီယံအဝေးသင်တက္ကသိုလ်ငါးခု ပူးပေါင်းဖွဲ့စည်းနိုင်ရေး အတွေ့အကြုံ စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် မတ် ၃**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် အာဆီယံအဝေးသင်တက္ကသိုလ် ငါးခု တို့အကြား ပူးပေါင်းပါဝင်ဖွဲ့စည်းပြီး (Five open University-OU5 မှ Six open University-OU6) အဖြစ် အတည်ပြုအစည်းအဝေး အတွေ့အကြုံစာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်အဝေး သင်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အရှေ့တောင်အာရှဒေသတွင်း အဝေးသင်တက္ကသိုလ် ငါးခုသည် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် ဖွဲ့စည်းထား ပြီးဖြစ်ရာ ခေတ်စနစ်နှင့်အညီ မြန်မာ နိုင်ငံရှိ ရန်ကုန်အဝေးသင်တက္ကသိုလ် တို့လည်း ပူးပေါင်းပါဝင်ဖွဲ့စည်းနိုင် ရန်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသော(OU5)အစည်းအဝေး နှင့် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက် နိုင်ရန် ရန်ကုန်အဝေးသင်တက္ကသိုလ် မှ ပါမောက္ခ ဒေါက်တာသဇင်လွင်အား ဖိတ်ကြားခဲ့ပြီး အဆိုပါအစည်းအဝေး တွင် အဝေးသင် သင်ကြားရေးနှင့် သုတေသနဆိုင်ရာ လုပ်ငန်းသင်ကြား ရေးများကို ပိုမိုတိုးတက်မှုများ ရရှိ စေရန်နှင့် သဘောတူလက်မှတ်ရေး ထိုးမှုများကို ဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံ စာတမ်းဖတ်ပွဲဖြစ် ကြောင်း သိရသည်။

အဆိုပါ (OU5) အဖွဲ့အစည်း အဝေးတွင် ပူးပေါင်းပါဝင်လုပ်ဆောင် ခြင်းဖြင့် အာဆီယံနိုင်ငံများရှိ အဝေး သင် တက္ကသိုလ်များသည် အချင်းချင်း အဝေးသင် သင်ကြားရေးနှင့် သုတေ သနလုပ်ငန်းများကို အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများရှိလာနိုင် မည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ အဝေးသင် သင်ကြားရေး တိုးတက်လာစေရန် အတွက် အထောက်အကူပြုဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း အဆိုပါ စာတမ်း ဖတ်ပွဲမှသိရသည်။ ယနေ့ကျင်းပ သည့် အခမ်းအနားသို့ အဝေးသင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ လှတင့်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူးများ)၊ တွဲဖက် ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ သရုပ်ပြများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(စောသိန်းဝင်း)**

# ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)မှ ကင်းထောက်လူငယ်များအား ပညာရေးဒုတိယဝန်ကြီး တွေ့ဆုံအားပေး



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)မှ ကင်းထောက်လူငယ်မောင်မယ်များအား စားသောက်ဆောင်တွင် တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် မတ် ၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်သည် တာဝန်ရှိသူများနှင့်အတူ အခြေခံပညာအထက်တန်းကျောင်း(ပုပ္ပား)တွင် ဖွင့်လှစ်ထားသည့် ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)သို့ ယနေ့မွန်းလွဲပိုင်းက ရောက်ရှိပြီး ကင်းထောက်လူငယ်များအား တွေ့ဆုံအားပေးစကား ပြောကြားကာ စခန်းချကာလအတွင်း လိုအပ်ချက်ရှိသည်များကို သက်ဆိုင်ရာစခန်းတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ကင်းထောက်လူငယ်များသည် ကြီးကြပ်အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ ပုပ္ပားတောင်မကြီးနှင့် ပုပ္ပားတောင်ကလပ်များသို့ ခြေလျင်စခန်းချလေ့လာရေး ခရီးထွက်ခွာကြသည်။

ထိုသို့လေ့လာရေးခရီးထွက်ခွာရာတွင် အမျိုးသားကင်းထောက်အဖွဲ့အင်အား ၂၇၁ ဦးသည် ပုပ္ပားတောင်မကြီးပေါ်ရှိ ထူပါရုံစေတီကို ဖူးမြော်ကြည်ညိုကြပြီး ကင်းထောက်စခန်းချပညာများကို ကင်းထောက်ကြီးများက သင်ကြားပေးကြသည်။

အလားတူ အမျိုးသမီးကင်းထောက်အဖွဲ့အင်အား ၂၄၉ ဦးသည် ပုပ္ပားတောင်ကလပ်ပေါ်ရှိ စေတီပုထိုးများကို ဖူးမြော်ကြပြီးနောက် ကင်းထောက်လုပ်ငန်းများကို လေ့လာသင်ကြားသည်။

ညပိုင်းတွင် ကင်းထောက်လူငယ်မောင်မယ်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရည်ရွယ်၍ မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဒေသထွက်ကုန်များကို အမှတ်တရလဲလှယ်ကြသည်။

**ကိုလတ်(သတင်းစဉ်)**

# ရာရှင်း သံမဏိ၊ သံရည်ကြိုစက်ရုံအလုပ်သမားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာက ကွင်းဆင်းညှိနှိုင်းပေးသဖြင့် ပြေလည်

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်ရှိ ရာရှင်း သံမဏိ၊ သံရည်ကြိုစက်ရုံ အလုပ်သမားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ ယနေ့နံနက်ပိုင်းတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးညှိနှိုင်းပေးခဲ့သဖြင့် ပြေလည်မှုရရှိသွားပြီဖြစ်သည်။

အလုပ်သမားဦးရေ ၁၀၀ ဖြင့် လုပ်ကိုင်လျက်ရှိသည့် အဆိုပါစက်ရုံမှ စက်ရုံအခြေခံအလုပ်သမားအဖွဲ့အစည်းက ၎င်းတို့၏ အချိန်ပိုလုပ်အားခများ ပြည့်ဝစွာမရရှိကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားမှုအပေါ် ကော်မရှင်က စက်ရုံသို့ကွင်းဆင်းစစ်ဆေးခဲ့သည်။ ယနေ့နံနက်ပိုင်းတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ၊ စစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးစစ်ဆေးရေးမှူးနှင့်အဖွဲ့က သက်ဆိုင်ရာအဖွဲ့အစည်းနှင့်အတူ အလုပ်သမားများ၏ သက်ဆိုင်မှုနှင့် အခက်အခဲများကို စက်ရုံသို့ သွားရောက်စစ်ဆေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ပြေလည်မှုရရှိခဲ့သဖြင့် အလုပ်သမားများ အချိန်ပိုအလုပ်လုပ်ကိုင်ခဲ့ရသည့် နာရီများအတွက် အချိန်ပိုလုပ်ခလိုငွေများကို မတ် ၅ ရက်တွင် အလုပ်ရှင်က အပြီးပေးချေသွားမည်ဖြစ်ကြောင်း သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့်အပြင် အလုပ်ရှင်၊ အလုပ်သမားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်၍ လုပ်ငန်းခွင်၌ အေးချမ်းစွာ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**


# နွားနို့တိုက်ပါ

ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့
အသားအရေ လှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့





**○ ကျောဖုံးမှ**

တိုက်ရိုက်ကန်သွင်းကာ ဒုတိယဂိုးရယူပေးခဲ့သည်။ ပထမပိုင်းတွင် ဇေယျာရွှေမြေအသင်း ကစားကွက်တည်မရဖြစ်နေသည်။ ဒုတိယပိုင်းတွင် ချေပဂိုးရရှိရန် ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ရန်ကုန်နောက်တန်းကို ခြိမ်းခြောက်နိုင်နေသည့် ရန်နိုင်ဦးကို လူစားလဲခဲ့၍ တိုက်စစ်မှာ ထင်သလောက်တက်မလာတော့ပေ။ ဇေယျာရွှေမြေအသင်းမှာ ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရန်ကုန်နောက်တန်းက အမှားအယွင်းမရှိခဲ့သောကြောင့် ရန်ကုန် ပေးဂိုးမရှိဘဲ နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ကျင်းပသောပွဲတွင် ဧရာဝတီအသင်းနှင့် Southern အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ခြောက်မိနစ်တွင် ရဲအောင်က Southern အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ဧရာဝတီအတွက် ချေပဂိုးကို ၈၂ မိနစ်တွင် စံမျိုးဦးက သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

| | |
|---|---|
| **(အောင်ဆန်းကွင်း)** | **ဇွဲကပင်-ဟံသာဝတီ** |
| **(သုဝဏ္ဏကွင်း)** | **ချင်းယူနိုက်တက်-ရခိုင်** |
| **(တောင်ကြီးကွင်း)** | **ရှမ်းယူနိုက်တက်-Horizon** |

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

**✻ အယ်လ်နီညိုမှ**

ရာသီချိန်ကိုက်ပေးဝေနိုင်တဲ့အစီအမံဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါးအများဆုံးစိုက်ပျိုး၍ နိုင်ငံ၏ဆန်လိုအပ်ချက်ကိုပါမက ပြည်ပဆန်လိုအပ်ချက်ကိုပါ ဖြည့်ဆည်းစိုက်ပျိုးထုတ်လုပ်နိုင်သော ရွှေဘိုမြို့နယ်တွင် ရေစီမံခန့်ခွဲမှုစနစ်ကောင်းမွန်စေရေးအတွက် လယ်ကြားမြောင်းစနစ်ကောင်းမွန်ရန် အထူးလိုအပ်နေကြောင်း သိရသည်။ ရွှေဘိုမြို့နယ်အတွင်းရှိ အချို့သောလယ်များတွင် လယ်ကြားမြောင်းတူးရန်ပြောဆို စည်းရုံးမရဖြစ်နေခြင်းသည် ရေစီမံခန့်ခွဲမှုစနစ်ကို ဦးတည်ရန်ခက်ခဲနေသောကြောင့် ရေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသာမက တောင်သူများအချင်းချင်း စည်းရုံးနိုင်မှသာ ပိုမိုထိရောက်မည်ဟုထင်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက အကြံပြုထားသည်။

"အခုအခြေအနေက လယ်ကြားမြောင်းမရှိတဲ့အတွက် အရင်အဆက်ဆက်သုံးနေတဲ့ ခွက်ဆင့်သောက်စနစ်နဲ့သွားနေတော့ အပေါ်လယ်ကွက်က ရေပေးမှသာရရှိတဲ့အနေအထားပါ။ ညီညွတ်နေရင် ကိစ္စမရှိပေမယ့် မညီညွတ်ရင် ရေရှည်သွားရင်ခက်မယ့်စနစ်ဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ အတွေးမတိမ်ဘဲ လယ်ကြားမြောင်းတွေဖောက်လုပ်သင့်ပါတယ်။ လယ်ကြားမြောင်းတူးလိုက်ရင် စိုက်ပျိုးရေအပိုမကုန်တဲ့ အကျိုးကျေးဇူးကို ရရှိစေမှာဖြစ်တဲ့အပြင် မလိုလားအပ်တဲ့စိတ်ဝမ်းကွဲတာတွေပါ မရှိစေတော့ပါဘူး"ဟု စိုက်ပျိုးရေးပညာရှင်က ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**❖ အင်းလေးကန်မှ**

ငှက်သားပေါက်ဇရိယာများနှင့်ဆက်စပ်နေသည့် လယ်ကွင်းများ၊ သာစည်ကန်၊ နဒီကန်၊ ရေငယ်ကွင်း၊ သားငှက်ထိန်းသိမ်းရေးအထူးဇုန်အတွင်းရှိ ငှက်ကြည့်စင်ဧရိယာ၊ အင်းလေးကန်အတွင်းရှိ ရေခြံများအတွင်းနှင့် ဘီလူးချောင်းတစ်လျှောက်တို့တွင် ခြောက်ကြိမ်ဆောင်ရွက်ခဲ့သည်။

ငှက်စာရင်းကောက်မှတ်တမ်းများအရ ရေပျော်ငှက်မျိုးစိတ် ၃၂ မျိုး (၉၇၆၁ ကောင်)၊ သစ်တောငှက်မျိုးစိတ် ၅၁ မျိုး(၁၄၀၇ ကောင်)၊ ဆောင်းခိုငှက်မျိုးစိတ် ၃၀ (၈၆၆၅ ကောင်)တို့ကို တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။ ယခုနှစ်ငှက်စာရင်းကောက်မှတ်တမ်းများအရ ရေပျော်ငှက်မျိုးစိတ် ၃၀ (၁၃၀၃၃ ကောင်)၊ သစ်တောငှက်မျိုးစိတ် ၄၆ မျိုး(၅၉၆ ကောင်)၊ ဆောင်းခိုငှက်မျိုးစိတ် ၂၃ မျိုး[ရေငှက် ၁၃ မျိုး(၁၀၁၁၁ ကောင်)၊ ကုန်းနေငှက် ၁၀ မျိုး (၂၅ ကောင်)] စုစုပေါင်း ၁၀၁၃၆ ကောင်တို့ ဝင်ရောက်ကျက်စားသည်ကို တွေ့ရှိရသဖြင့် ယခင်နှစ်ကထက် ငှက်ကောင်ရေ ၃၉၃၂ ကောင် ပိုမိုဝင်ရောက်ကျက်စားသည်ကို တွေ့ရှိရကြောင်း သိရသည်။ **(ကြေးမုံ)**

# ခေတ္တရေပြတ်တောက်မည်

**ရန်ကုန် မတ် ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့နေပြည်သူများ ရေလုံလောက်စွာရရှိနိုင်ရေးအတွက် အစီအမံများချမှတ်ကာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအနက် ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်ရှိ ရေယိုစိမ့်မှုများပြားသည့် ဟောင်းနွမ်းသက်တမ်းရင့်ရေပိုက်လိုင်းများကို အသစ်လဲလှယ်ရန် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ အချင်း ၁၀၀၀ မီလီမီတာ၊ အချင်း ၃၀၀ မီလီမီတာ၊ အချင်း ၂၀၀ မီလီမီတာ ရေပို့ပိုက်လိုင်း ၁ ဒသမ ၈၆ မိုင် ဆက်သွယ်ခြင်းလုပ်ငန်းပြီးစီးတော့မည်ဖြစ်၍ ရေပေးဝေရန် ပိုက်လိုင်းပေါင်း ဆက်သွယ်ခြင်းလုပ်ငန်းကို ယနေ့နံနက် ၈ နာရီမှ စတင်ဆောင်ရွက်လျက်ရှိပြီး မတ် ၇ ရက် နံနက် ၈ နာရီတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း မရမ်းကုန်းမြို့နယ် အမှတ်(၉)နှင့် အမှတ်(၁၀)ရပ်ကွက်များ၊ ရန်ကင်းမြို့နယ် အမှတ်(၅)၊(၆)၊(၇)နှင့်(၈)ရပ်ကွက်များ၊ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်နှင့် ဆရာစံရပ်ကွက်များ၊ ကမာရွတ်မြို့နယ် အမှတ်(၉)နှင့် အမှတ်(၁၀)ရပ်ကွက်များတွင် ခေတ္တရေပြတ်တောက်မည်ဖြစ်သဖြင့် ရေကြိုတင်စုဆောင်းသုံးစွဲနိုင်ရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က အသိပေးကြေညာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်ညီညွတ်ရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

**ရန်ကုန် မတ် ၃**

ရှမ်းပြည်ညီညွတ်ရေးကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မီကာဆာဟိုတယ်၌ ပြုလုပ်သည်။

ယနေ့ပြုလုပ်သည့် ရှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) အစည်းအဝေးတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးဆိုင်ရာသဘောထားရပ်တည်မှု အချက် (၂၃)ချက်ကို ဆွေးနွေးခြင်း၊ ရှမ်းပြည်နိုင်ငံရေးအခြေခံမူ (၁၂)ချက်ကို ဆွေးနွေးခြင်း၊ ရှမ်းပြည်ညီညွတ်ရေးအတွက် စည်းရုံးရေးအဖွဲ့ဖွဲ့စည်းရန် ဆွေးနွေးခြင်း၊ CSSU ဥက္ကဋ္ဌဟောင်း နုတ်ထွက်ခြင်းနှင့် ဥက္ကဋ္ဌသစ်ရွေးချယ်ခြင်း၊ CSSU ၏ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

CSSU ၏ နှစ်ပတ်လည်အစည်းအဝေး ပထမနေ့ကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့ပြီး ဒုတိယနေ့အစည်းအဝေးကို မတ် ၄ ရက် နံနက် ၉ နာရီမှ စတင်ကာ Summit Park View ဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်ခဲ့သည့် ရှမ်းပြည်ညီညွတ်ရေးကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးသို့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ ဌာနေပြည်သူ့စစ်အဖွဲ့များဖြင့်ဖွဲ့စည်းထားသည့် SSJAC၊ ရှမ်းပြည်ထူထောင်ရေးကောင်စီ (RCSS/ SSA) အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSOs) များ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ ပြည်ပရောက်ရှမ်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

# မရမ်းကုန်းမြို့နယ်တွင် ဝါယာကြိုးအပူလွန်ကဲရာမှ ပလတ်စတစ်ဂိုဒေါင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန်  မတ်  ၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်တွင် ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က ဝါယာကြိုး အပူလွန်ကဲရာမှ ပလတ်စတစ်ဂိုဒေါင် မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်ရှိ ပိုင်ရှင်ဦးဆန်းထွန်း၏ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ အရည်ကျို၍ ကော်စေ့ပြုလုပ်သည့် ဂိုဒေါင်၌ ကြိတ်စက်မော်တာသို့ သွယ်တန်းထားသော ဝါယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်ရာသို့ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၉၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၅ ဦးတို့က မီးငြိမ်းသတ်ယာဉ် ၂၀၊ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ ကွပ်ကဲမှုယာဉ် ရှစ်စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ မိတ်ဖက် ရေသယ်ယာဉ် ၁၂ စီးတို့ဖြင့် ပူးပေါင်း ငြိမ်းသတ်ခဲ့ရာ ၆ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားသည်။



“ဝါယာကြိုး အပူလွန်ကဲပြီး အဆောက်အအုံ အတွင်းမှာရှိတဲ့ ပလတ်စတစ် ကုန်ကြမ်းတွေကို မီးလောင်သွားတာပါ။ ပလတ်စတစ် မီးဆိုတော့ အမြုပ်ဆေးရည်အနည်းငယ်နဲ့ ရေကိုအသုံးပြုပြီး ငြိမ်းသတ်ခဲ့ရတယ်။ ထိခိုက်ဒဏ်ရာရရှိသူ မရှိပါဘူး”ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါကပြောသည်။

မီးလောင်မှုကြောင့် အကျယ်အဝန်း (ပေ၃၀×၆၀)၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း ပလတ်စတစ်ဂိုဒေါင် အဆောက်အအုံ နှစ်လုံးနှင့်တစ်ခြမ်းတို့နှင့်အတူ အဆောက်အအုံအတွင်းရှိ ပစ္စည်းများ မီးလောင်ကျွမ်းခဲ့သဖြင့် တန်ဖိုးငွေကျပ် ၃၉ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားမှုကြောင့် လုံခြုံရေးမှူး ဦးအုန်းသန်း(၄၂)နှစ်အား မရမ်းကုန်းမြို့နယ် မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်ကြီး (ပဏီတ)**

❋ (၂၉)ကြိမ်မြောက်မှ

အိုလံပစ်ကော်မတီ ကိုယ်စားပြုတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အတွင်းရေးမှူးတို့ တက်ရောက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ တက်ရောက်လာကြသော နိုင်ငံ ၁၈ နိုင်ငံမှ ထောက်ခံမှုများ ပေးခဲ့သောကြောင့် အမျိုးသမီးပွဲစဉ် EVENT လေးမျိုး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

**မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်**

# နောင်လုံတိုးဂိတ်တွင် သေနတ်ပစ်ဖောက်သွားသူအား စုံစမ်းဖော်ထုတ်ရာမှ လက်နက်ခဲယမ်းမျိုးစုံ၊ မူးယစ်ဆေးဝါး၊ ရွှေတစ်ပိဿာကျော်နှင့် ငွေကျပ် သိန်း ၂၀၀ ကျော်တို့နှင့်အတူ ဖမ်းဆီးရမိ

**ဘားအံ  မတ်  ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်း ဖေဖော်ဝါရီ ၂၉ ရက်က နောင်လုံတိုးဂိတ်တွင် သေနတ်ပစ်ဖောက်သူ ခိုအောင်းနေထိုင်သည့်နေရာအား ဝင်ရောက်စီးနင်းရာမှ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါး၊ ထိုင်းဘတ်ငွေ၊ မြန်မာငွေအပါအဝင် ဆက်စပ်ပစ္စည်းများနှင့် ပူးပေါင်းပါဝင်ဆက်နွယ်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၇ နာရီခန့်တွင် နောင်လုံတိုးဂိတ်၌ တာဝန်ထမ်းဆောင်နေသည့် AK ဆောက်လုပ်ရေးကုမ္ပဏီဝန်ထမ်းက မောင်းတံဂိတ်ဖွင့်စဉ် မောင်းတံဂိတ်အားကားဖြင့်တိုက်ပြီး ကားကိုရပ်၍ သေနတ်နှစ်ချက်မိုးပေါ်ထောင်ပစ်သည့်အပြင် AK ဝန်ထမ်းများနှင့် အချေအတင်စကားများရာမှ ကားပေါ်ပြန်အတက်တွင် သေနတ်သုံးချက်မိုးပေါ်ထောင်ပြီး ထပ်မံပစ်ဖောက်သွားခဲ့ခြင်းကြောင့် အိန္ဒူနယ်မြေရဲခစန်းက တရားမဝင် လက်နက်ခဲယမ်းကိုင်ဆောင်မှုဖြင့် အမှုဖွင့်လှစ်ထားပြီး အဆိုပါအမှုမှ တရားခံအားဖမ်းဆီးရမိရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးက အနီးကပ်စီစဉ်ညွှန်ကြားကြီးကြပ်ကွပ်ကဲ၍ နယ်ထိန်းတပ်ဖွဲ့ဝင်များအား နယ်မြေအတွင်း စုံစမ်းစေခြင်း၊ ဘားအံမြို့နယ်အတွင်းရှိ တံတားဂိတ်များသို့ နောင်လုံတိုးဂိတ် CCTV မှတ်တမ်းမှ ရရှိထားသည့် ဓာတ်ပုံဖြင့် ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခဲ့သူများ နေထိုင်သွားလာတတ်သည့်နေရာများသို့ လျှို့ဝှက်စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်းများအား အဖွဲ့များခွဲ၍ ဆောင်ရွက်စေခဲ့သည်။

ယင်းသို့ဆောင်ရွက်ခဲ့ရာ အမှုမှအလိုရှိသူ စောပုံးပုံမှာ ဘားအံမြို့နယ် နောင်လုံအနောက်ကျေးရွာအုပ်စု ရွှေလှိုင်ကျေးရွာ(ခ)လှိုင်နားအရှေ့ကျေးရွာရှိ ယာယီပြုလုပ်ထားသော တဲတစ်လုံးအတွင်း ရောက်ရှိခိုအောင်းနေကြောင်း နယ်ထိန်းတပ်ဖွဲ့ဝင်များက သတင်းအတည်ပြုရရှိခဲ့သဖြင့် ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက် နံနက် ၈ နာရီခန့်က ဝင်ရောက်စီးနင်းရှာဖွေရာမှ ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံအရှေ့ကျေးရွာအုပ်စု မြပြည်သရက်တောကျေးရွာနေ စောပုံးပုံ (၄၃)နှစ် အပါအဝင် ယင်းနေရာသို့ရောက်ရှိနေသည့် စောတင်သိန်း(ခ)ဘတင် (၅၀)နှစ် ကရင်ပြည်နယ် ဘားအံမြို့နယ် ရွှေလှိုင်ကျေးရွာ(ခ)လှိုင်နားကျေးရွာနှင့် ဦးစန်းညို(ခ)မောင်ကျော်(၅၈)နှစ် (လိပ်စာတူ) တို့သုံးဦးအားတွေ့ရှိရပြီး ၎င်းတို့ထံမှ AK-47 တစ်လက်၊ M-16 သုံးလက်၊ M-41/A-1 လောင်ချာတွဲ တစ်လက်၊ ပွိုင့် ၃၈ ပစ္စတိုတစ်လက်၊ ၉မမ ပစ္စတို (Smith Wesson) တစ်လက် စုစုပေါင်းလက်နက် ခုနစ်မျိုးနှင့် ၅ ဒသမ ၅၆ ကျည် ၂၂၂ တောင့်၊ ၉မမ ကျည် ၂၃ တောင့်၊ AK-47 ကျည်ငါးတောင့်၊ ၄၀ မမ ဗုံးသီး ၁၈ လုံး၊ AK-47 ကျည်အိမ်တစ်ခု၊ M-16 ကျည်အိမ် ၁၁ ခု၊ ၉မမ ကျည်အိမ်တစ်ခု၊ ပွိုင့် ၃၈ ပစ္စတိုကျည်အိမ်တစ်ခု၊ အချက်ပြမီးကျည်နှစ်တောင့်၊ ဆမ်ဆောင်းတံဆိပ်ပါ လက်ကိုင်ဖုန်းနှစ်လုံး၊ နိုကီရာတံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ စကိုင်းတံဆိပ်ပါ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ စီးနင်းအသုံးပြုခဲ့သည့် မော်တော်ယာဉ် 5G/--- ကာရီးနားအဖြူရောင်ယာဉ်တစ်စီးတို့ပါ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများအနက် စောပုံးပုံအားစစ်ဆေးရာ ၎င်းမှာ ဇနီးဖြစ်သူနှင့်အတူ ကရင်ပြည်နယ် ဘားအံမြို့နယ် မြပြည်သရက်တောကျေးရွာ သရက်တောလမ်းတွင် နေထိုင်သူဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအားခေါ်ဆောင်ခဲ့ကာ ပူးပေါင်းအဖွဲ့မှ စောပုံးပုံ၏နေအိမ်အား ထပ်မံရှာဖွေခဲ့သည်။

ထိုသို့ စောပုံးပုံ၏နေအိမ်သို့ ပူးပေါင်းအဖွဲ့ဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်မြင့် (ခ)ဒေါ်ခင်ကြဲ (၄၄)နှစ်အား နေအိမ်တွင်တွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်း သက်သေများဖြင့်ရှာဖွေခဲ့ရာ နေအိမ်မီးဖိုချောင်အတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသော WY စာတန်းပါ ပန်းရောင်ဆေးပြား ၁၀ ပြား(အလေးချိန် တစ်ဂရမ်ခန့်)၊ ဆေးရှူရာတွင် အသုံးပြုသည့် စက္ကူပြောင်းငယ်တစ်ခုနှင့် အိမ်ဝင်းအတွင်းမှ ဆေးပြားထုပ်ပိုးရာတွင် အသုံးပြုသည့် WY ဆေးပြားအနံ့များစွဲနေသည့်တိပ်ဖြင့် ပတ်ထားသော မိုင်းကိုင်းစက္ကူထုပ်တစ်ထုပ်၊ နေအိမ်အတွင်းမှ မူးယစ်ဆေးဝါး၊ လက်နက်တို့ဖြင့် ဆက်နွယ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိဿာသုံးကျပ်သား၊ မြန်မာငွေကျပ် ၂၂၂ သိန်း၊ ထိုင်းဘတ်ငွေ သုံးသိန်း တစ်သောင်းတို့အား သက်သေများရှေ့ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါဆေးပြားများမှာ ခင်ပွန်းဖြစ်သူ စောပုံးပုံသုံးစွဲသော ဆေးပြားများဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး တရားမဝင် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သူ စောပုံးပုံ၊ စောတင်သိန်း(ခ)ဘတင်၊ စန်းညို(ခ)မောင်ကျော်တို့သုံးဦးအား ရဲအုပ်ဇော်နိုင်အောင်က တရားလိုပြုလုပ်ကာ အိန္ဒူနယ်မြေရဲစခန်းက (ပ)၉/၂၀၁၆၊ လက်နက်ပုဒ်မ၁၉(စ)ဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသုံးစွဲခဲ့သူ ဒေါ်ခင်မြင့်(ခ)ဒေါ်ခင်ကြဲနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ စောပုံးပုံတို့နှစ်ဦးအား ရဲအုပ်ဇော်နိုင်အောင်က တရားလိုပြုလုပ်၍ အိန္ဒူနယ်မြေရဲစခန်းက မယ(ပ)၆/၂၀၁၆၊ မူးစိတ်ပုဒ်မ ၁၅/ ၁၆(ဂ)/ ၂၀(က)/ ၂၁တို့ဖြင့် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

ဝဝဝ



စောပုံးပုံ၊ စောတင်သိန်း(ခ)ဘတင်နှင့် စန်းညို(ခ)မောင်ကျော်တို့အား သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။



ဒေါ်ခင်မြင့် (ခ)ဒေါ်ခင်ကြဲအား သိမ်းဆည်းရမိသည့် ရွှေထည်ပစ္စည်းမျိုးစုံ၊ ငွေသားများနှင့်အတူ တွေ့ရစဉ်။

# အကွာအဝေးပေ ၈၀၀ ကို စက္ကန့် ၂၀ ဖြင့်စံချိန်တင်ပြေးသည့် မြန်မာ့ရိုးရာ ဒုန်းနွားပြိုင်ပွဲနှင့် ဒုန်းနွားလေ့ကျင့်မှုစနစ်မှာ စိတ်ဝင်စားဖွယ်ရာဖြစ်

**မန္တလေး မတ် ၃**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သကဲ့သို့ တောင်သူများသည် ခိုင်းနွားများကို အားထားအသုံးပြုလေ့ရှိသည်။ နွားနှင့် တောင်သူ ခွဲခြားမရသလိုပင်ဖြစ်သည်။ လက်ရှိကာလတွင် အညာဒေသတွင် နှစ်ပေါင်းများစွာ ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာနွားပြိုင်ပွဲများကို ပြန်လည်ဖော်ထုတ်ကာ ပြိုင်ပွဲများကျင်းပပေး လျက်ရှိသည်။

ပြိုင်နွားများကို နွားဝါသနာပါသည့် ဝါရင့်တောင်သူ နွားသမားများက သာမွေးမြူပေးနိုင်သည်။ ဇွဲရှိပြီးမှန်မှန် လေ့ကျင့်ပေးရသည်။ ဒုန်းနွားများအတွက် နွားကြန်အင်လက္ခဏာများကို လေ့လာကာ စနစ်တကျ ဂရုတစိုက်ကျွေးမွေးကာ မွေးမြူလေ့ကျင့်ပေးရသည်။ နွားငယ် ၁၅ လသားအရွယ်တွင် ခိုင်းနွားကြီးများဖြင့် လှည်းစီးလေ့ကျင့်ပေးရသည်။ လှည်းကျွမ်းကျင်ကာ ဒေသအခေါ် လှည်းနပ်ပြီဆိုသည်နှင့် စည်းကမ်းကောင်းသော နွားကြီးများဖြင့် ဒုံးကျင့်ပေးလေ့ရှိသည်။

ကောင်းမွန်သော ဒုံးနွားတစ်ကောင်ရရှိရေးအတွက် အစာကို သားသမီးပမာ ဂရုစိုက်ကျွေးရသည်။ တစ်နေ့လျှင် အစာနှစ်နပ်ကျွေးရပြီး တစ်နပ်လျှင် ဆန်ကွဲနို့ဆီဘူးနှစ်လုံးနှင့် ကောက်ရိုးနုပ်နုပ်စဉ်းကာ လေးပြည်သားခန့်ကို နွားငယ်စဉ်တွင် ကျွေးပေးရသည်။ နွားကြီးလာသည်နှင့် ဆန်ကွဲနို့ဆီဘူးငါးလုံးနှင့် ကောက်ရိုးနုပ်နုပ်စဉ်းပြီးသား ခြောက်ပြည်ခန့် ကျွေးပေးရသည်။ ညနေတိုင်းနွားကို လမ်းလျှောက်ပေးရပြီး သုံးရက်ခြားငါးရက်ခြား နွားလှည်းဖြင့် အပြေးလေ့ကျင့်ပေးရသည်။

လက်ရှိကာလတွင် ဒုံးနွားပြိုင်ပွဲဝင်နွားများမှာ ပြိုင်ပွဲကွင်းလမ်း ပေ ၈၀၀ အကွာကို စက္ကန့် ၂၀ ဖြင့်စံချိန်တင်ပြေးနိုင်ကြသည်။ ပြိုင်ပွဲတွင်အနိုင်ရရှိသော ဒုံးနွားတစ်ကောင်ဖြစ်ရေးအတွက် နွားပိုင်ရှင်၏ မွေးမြူမှုကောင်းခြင်း၊ လေ့ကျင့်မှုကောင်းခြင်း၊



ပြိုင်ပွဲဝင်နွားမောင်းသည့် ဂျော်ကီများကောင်းမွန်မှသာ အနိုင်ရသောဒုန်းနွားတစ်ကောင် ဖြစ်လာမည်ဖြစ်သည်။ နွားပြိုင်ပွဲများသို့ ပရိသတ်များ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြသလို နွားဝါသနာရှင် တောင်သူဦးကြီးများ ညအိပ်လာရောက်ကာ နွားပြိုင်ပွဲကို ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ **(တိမ်တမန်)**

# မြိတ်- ကျွန်းစု အမြန်ရေယာဉ်များနှင့် စက်လှေများအား ရေကြောင်းသတိပေးချက် ထပ်မံပြန်လည်ထုတ်ပြန်ထား

**ကျွန်းစု မတ် ၃ ရက်**

မြိတ်ခရိုင်လေတပ်စခန်းဌာနချုပ် ကွပ်ကဲမှုအောက် အမှတ်(၅၇) ရဟတ်ယာဉ်အုပ်ရှိ အမ်အိုင်-၂ ရဟတ်ယာဉ်များဖြင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကုလားကျွန်း(ခေါ်) ကျွန်းဆင်းရဲ၌ ဝေဟင်-မြေပြင် စမ်းသပ်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်ရန်အတွက် မြိတ်-ကျွန်းစု ပြေးဆွဲနေသော အမြန်ရေယာဉ်များ၊ စက်လှေများအား ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၉ ရက် ရက်စွဲဖြင့် သတိပေးချက်ထုတ်ပြန်ထားမှုအပေါ် မတ် ၁ ရက်နေ့တွင် ထပ်မံ၍ ပြန်လည်ထုတ်ပြန်ထားကြောင်း သိရသည်။

မြိတ်ခရိုင်လေတပ်စခန်းဌာနချုပ် အမှတ်(၅၇) ရဟတ်ယာဉ်အုပ်ရှိ အမ်အိုင်-၂ ရဟတ်ယာဉ်များဖြင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကုလားကျွန်း(ခေါ်) ကျွန်းဆင်းရဲ၌ ဝေဟင်-မြေပြင် စမ်းသပ်လေ့ကျင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်ရန်အတွက် ခန့်မှန်းမြေပုံအညွှန်း (အမ်ပီ-၄၈၀၈၂၈)၊ (မြောက်လတ္တီကျူ ၁၂ ဒီဂရီ ၃၀ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃၁ မိနစ် ၁၅ စက္ကန့်) နေရာအားလေ့ကျင့်ပစ်ခတ်ရန် (၂၉-၂-၂၀၁၆)ရက်နေ့ ရက်စွဲဖြင့် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ (၁-၃-၂၀၁၆)ရက်နေ့၊ (၃-၃-၂၀၁၆) ရက်နေ့၊ အရန်အဖြစ် (၄-၃-၂၀၁၆)ရက်နေ့များတွင် မြိတ်မြို့မှ ကျွန်းစုမြို့ အမြန်ရေယာဉ်များ၊ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းစက်လှေများ၊ စက်တပ်ရေယာဉ်များကို အနီးအနားတစ်ဝိုက်မှ လုံးဝ(လုံးဝ) ဖြတ်သန်းမောင်းနှင်ခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်ထားသည်။

အဆိုပါ သတိပေးထုတ်ပြန်ချက်ကို (၁-၃-၂၀၁၆)ရက်နေ့ရက်စွဲဖြင့် ထပ်မံ၍ ဝေဟင်-မြေပြင် စမ်းသပ်လေ့ကျင့်ပစ်ခတ်ခြင်းအား ယခင်အကြောင်းကြားထားသောရက်နေ့များအပြင် (၇-၃-၂၀၁၆)ရက်နေ့နှင့် (၈-၃-၂၀၁၆)ရက်နေ့များတွင်လည်း တစ်နေ့လျှင်(၃)ခေါက်နှုန်းဖြင့် လေ့ကျင့်ပစ်ခတ်မည်ဖြစ်ပါ၍ ယင်းနေ့များတွင်လည်း မြိတ်မြို့မှ ကျွန်းစုမြို့သို့ ပြေးဆွဲနေသော အမြန်ရေယာဉ်များ၊ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းစက်လှေများ၊ စက်တပ်ရေယာဉ်များကို ပစ်ခတ်မှုဧရိယာအနီးတစ်ဝိုက်တွင် ဖြတ်သန်းမောင်းနှင်ခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းမပြုကြရန်၊ အဆိုပါ ဧရိယာအနီးမှ လွတ်ကင်းစွာ သတိပြုမောင်းနှင်သွားကြရန်နှင့် လိုက်နာမှုမရှိပါက ရေယာဉ်များအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ သတိပေးချက်ကြိုတင်ထုတ်ပြန်ချက်အရ သိရှိရသည်။ **(ကျွန်းစု ပြန်/ဆက်)**

# အိပ်ချ်အိုင်ဗွီလုပ်ငန်းဦးတည်အုပ်စုများ၏ ပူးပေါင်းပါဝင်မှုမြှင့်တင်၊ ခွဲခြားဆက်ဆံမှုများကင်းဝေးရေးအခမ်းအနားကျင်းပ

**မန္တလေး မတ် ၃**

ပြင်သစ်နိုင်ငံအစိုးရ၏ ရန်ပုံငွေပံ့ပိုးမှု၊ နိုင်ငံတကာဆေးဘက်ဆိုင်ရာကူညီထောက်ပံ့ရေးအဖွဲ့၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများအသင်းမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာနိုင်ငံအတွင်းရှိ အိပ်ချ်အိုင်ဗွီဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဦးတည်အုပ်စုများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်နိုင်မည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေး စီမံချက်ဖြစ်သည့် ကိုယ့်အားကိုယ့်ကိုးအဖွဲ့များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ စီမံကိန်းအကြောင်း အသိပေးရှင်းလင်းခြင်းနှင့် အိပ်ချ်အိုင်ဗွီပိုးရှိသူများအား ခွဲခြားနှိမ်ချဆက်ဆံမှုများ ကင်းဝေးစေရေးအတွက် Zero Discrimination Day အခမ်းအနားကို မတ် ၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၇ လမ်းနှင့် ၂၈ လမ်းကြား လမ်း ၇၀ ရှိ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အိပ်ချ်အိုင်ဗွီပိုးရှိသူများအား ခွဲခြားနှိမ်ချဆက်ဆံမှုများ ကင်းဝေးစေရေးအတွက် Zero Discrimination Day ပြုလုပ်ရခြင်းအကြောင်း၊ ကမ္ဘာ့ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့မှ ထောက်ပံ့လျက်ရှိသော မြန်မာနိုင်ငံရှိ အိပ်ချ်အိုင်ဗွီလုပ်ငန်းများတွင် ဦးတည်အုပ်စုများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်နိုင်မည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာရေး စီမံချက်အကြောင်းကို ရှင်းပြခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များ မေးမြန်းခြင်းကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိသည်။

**သီဟကိုကို(မန္တလေး)**

◆◆



# မိုးရွာမြို့၏ အမှိုက်စီမံခန့်ခွဲမှုကို ယခုထက်စနစ်တကျ ဆောင်ရွက်သင့်

**မုံရွာ မတ် ၃**

ကြီးမားကျယ်ပြန့်သထက် ကျယ်ပြန့်လာသည်နှင့်အတူ လူဦးရေထူထပ်လာသော မုံရွာမြို့၏ အမှိုက်စီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်သင့်နေပြီဖြစ်ကြောင်း မုံရွာမြို့နယ်ဖွံ့ဖြိုးရေးဆောင်ရွက်နေသူ ဒေသခံတစ်ဦးထံမှ သိရသည်။

အမှိုက်စွန့်ပစ်သော စီမံခန့်ခွဲမှုကို တစ်စတုရန်းမိုင်တွင် လူဦးရေ ၅၀၀ ကျော်ရှိသော လူဦးရေထူထပ်သော ဒေသနှင့် စက်မှုဖွံ့ဖြိုးသောဒေသများတွင် အသုံးပြုရန် လိုအပ်လျက်ရှိကြောင်း စနစ်တကျစီမံခန့်ခွဲမှုအားနည်းလျှင် လက်ရှိလူတို့၏ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေရုံမက မျိုးဆက်ချီ၍ ဒုက္ခရောက်နိုင်ကြောင်း မုံရွာတက္ကသိုလ် ဘူမိဗေဒပညာရှင် ဒေါက်တာဇော်မြင့်နီထံမှ သိရသည်။

"အမှိုက်စွန့်ပစ်တာ စနစ်မကျလို့ ရင်နင့်စရာ ဘဝပျက်ခဲ့ရပုံတွေကို ကမ္ဘာ့နိုင်ငံတွေမှာ ကြုံတွေ့ခံစားနေကြရပါပြီ။ မြေဆီလွှာအရည်အသွေးကျဆင်းတာ၊ စီးရေနဲ့ မြေအောက်ရေ ညစ်ညမ်းတာ လေကောင်းလေသန့် ဆုံးရှုံးတာတွေဟာ အမှိုက်စွန့်ပစ်မှုအားနည်းတာတွေကြောင့် ဖြစ်ပါတယ်။ အဲဒီစီမံခန့်ခွဲမှုမှာအမှိုက်ကို စီမံခန့်ခွဲတာနဲ့ အမှိုက်စွန့်ပစ်တဲ့နေရာကို စီမံခန့်ခွဲတာဆိုပြီး အပိုင်းနှစ်ပိုင်းရှိပါတယ်" ဟု ဒေါက်တာဇော်မြင့်နီက ပြောပြသည်။

အမှိုက်ကိုစီမံခန့်ခွဲရာတွင် အမှိုက်အမျိုးအစားအမှိုက်ထွက်ရှိရာ ဇစ်မြစ် ESi:အမှိုက်၏ထူးခြားသည့် ဂုဏ်သတ္တိများကို ဦးစွာသိရှိနားလည်ထားရန်လိုအပ်သလို ထိရောက်သည့် လမ်းညွှန်မှုစီမံခန့်ခွဲမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း သိရသည်။ အမှိုက်ပြဿနာဖြေရှင်းရန်၊ အမှိုက်ဖြစ်ပေါ်မှုလျော့နည်းစေရန် အမှိုက်စီမံခန့်ခွဲမှုအမျိုးမျိုးရှိသည်။ ပစ္စည်းတစ်ခုခုကို အကြိမ်ကြိမ် သုံးရမည်ဖြစ်သလိုသုံးသင့်သည်။ ဟောင်းပြီဟူ၍ မပစ်သင့်သလို ကျန်းမာရေးကဏ္ဍမှလွဲ၍တစ်ခါသုံးပစ္စည်းများကို မသုံးသင့်ကြောင်း သိရသည်။

ပစ္စည်းတစ်ခုခုကို အကြိမ်ကြိမ် အခါခါသုံးနိုင်လေ ထိုပစ္စည်းတန်ဖိုးတက်လေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာ ရောက်လေဖြစ်ပြီး တစ်ခါသုံး ပလတ်စတစ်အိတ်များအစား အခါခါသုံးနိုင်သော ချည်အိတ်၊ ကြိမ်ခြင်းနှင့် ဆွဲခြင်းများကိုအသုံးပြုသင့်ကြောင်းသိရသည်။ ပစ္စည်းတစ်ခုခုကို အမှိုက်ဘဝမရောက်ခင် နောက်ဆုံးအချိန်အထိ အသုံးပြုပြီး အမှိုက်များကို နည်းပညာအသုံးပြု၍ ပြန်လည်ထုတ်လုပ်လျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြီးစွာအထောက်အပံ့ပြုနေသော ပစ္စည်းဟောင်း ဝယ်/ရောင်းဆိုင်များကို ပိုမိုဖွံ့ဖြိုးပြီး ပိုမိုစနစ်တကျရှိအောင် အားပေးကူညီသင့်ကြောင်း သိရသည်။ မိသားစုများနှင့် ဈေးများမှ နေ့စဉ်ထုတ်လုပ်လျက်ရှိသော ဇီဝအမှိုက်များသည် အချိန်ကြာလျှင် သဘာဝအလျောက် ဆွေးမြည့်ပြီး မြေသြဇာအဖြစ် အသုံးပြုနိုင်သလို ဇီဝဓာတ်ငွေ့ကိုလည်း ထုတ်ယူနိုင်ကြောင်း သိရသည်။ **(မျိုးဝင်းထွန်း)**

# မအူပင်မြို့ အမှတ်(၁၀)ရပ်ကွက် ကမ်းနားလမ်းရှိ ဆည်မြောင်းတာအပြင်တွင် မြစ်ကမ်းပြိုမှုဖြစ်ပွား

**မအူပင် မတ် ၃**

မအူပင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဆည်မြောင်းတာအပြင်တွင် မြစ်ကမ်းပြိုသည့်ဖြစ်စဉ် မတ် ၁ ရက် ည ၈ နာရီ မိနစ် ၄၀ မှ စတင်၍ ဖြစ်ပွားခဲ့သည်။

အဆိုပါ မြစ်ကမ်းပြိုမှုဖြစ်ပွားခဲ့သည့် အမှတ်(၁၀)ရပ်ကွက် ဦးတိုက်စိုးဝါး/ဓနိ ပွဲရုံမှစ၍ လက်ရှိကမ်းနဖူး မှ ၁၅ ပေ အထိ ပြိုကျခဲ့ပြီး ဆက်စပ်လျက်ရှိသည့် လူနေအိမ်နှစ်လုံး၊ သစ်ဆန်းမုန့်ဟင်းခါးဖိုအထိ စုစုပေါင်းလေးလုံး အလျားပေ ၁၅၀၊ မြစ်ပြင်ဘက် ၁၅ ပေသို့ ပြိုကျခဲ့ပြီး ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ ဝါး/ဓနိပွဲရုံနှင့် မြစ်ကမ်းရှိ ရွှေ့ပြောင်းရသည့် ပစ္စည်းများအား မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်မီးသတ်နှင့် ပြည်သူများက ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **မအူပင်(ပြန်/ဆက်)**

# တာပွန်၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

**နတ်တလင်း မတ် ၃**

နတ်တလင်းမြို့နယ် တာပွန်မြို့တွင် မတ် ၁ ရက်က တာပွန်နယ်မြေမီးသတ်စခန်းမှ ဒုတပ်ကြပ်ဝေယံထွဋ်၊ အရန်မီးသတ် ဒုတိယတပ်ခွဲမှူး ဦးမောင်ကိုနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကျောင်းတွင်းသန့်ရှင်းရေး၊ စာအုပ်စာတမ်းများထားရှိမှု၊ ကွန်ပျူတာခန်းနှင့် လျှပ်စစ်မီးသုံးစွဲထားရှိမှု အခြေအနေများ၊ ကျောင်းတာဝန်ခံဆရာ ဦးတေဇာစိုး၊ ဆရာ ဆရာမများအား တက္ကသိုလ်ဝင်စာမေးပွဲ မဖြေဆိုခင်၊ ဖြေဆိုစဉ်၊ ဖြေဆိုပြီးစသည့်အချိန်များတွင် မီးဘေးအန္တရာယ်မဖြစ်စေရေး ကြိုတင်အသိပညာပေးဆောင်ရွက်ကြောင်းနှင့် တာပွန်မြို့ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် မီးသတိပြုရေးလိုက်နာဆောင်ရွက်ကြရန် လှည့်လည်ကြေညာကြောင်း သိရသည်။ **(၀၇၁)**

# ရွှေဘိုဒေသ၌ တစ်လအတွင်း စပါးဈေး ကျပ်တစ်သိန်းကျော်အထိမြင့်တက်လာ

**ရွှေဘို မတ် ၃**

ရွှေဘိုဒေသ၌ လယ်သမားများလက်ထဲ စပါးမရှိတော့သည့် တစ်လအတွင်း စပါးဈေးနှုန်း ကျပ်တစ်သိန်းကျော်အထိမြင့်တက်လာကြောင်း ဒေသခံလယ်သမားတစ်ဦးထံမှ သိရသည်။

အဆိုပါဒေသရှိ တောင်သူလယ်သမားအများစုသည် မိမိတို့တွင် တင်ရှိနေသော လယ်စိုက်ပျိုးစရိတ်များဖြစ်ကြသည့် ဓာတ်မြေသြဇာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေနှင့် ကလေးကျောင်းထားစရိတ်စသည့် ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် မိမိတို့လယ်မှရရှိသော စပါးများကို ရောင်းချပြီး ပေးဆပ်လိုက်ရကြောင်း၊ စပါးများ ရောင်းချသောအချိန်ဖြစ်သည့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရွှေဘိုပေါ်ဆန်းစပါးဈေးနှုန်း တင်းတစ်ရာ(၄၆- ပေါင်)လျှင် ကျပ်သိန်း ၁၀ ကျော်ရောင်းချခဲ့ရာမှ မိမိတို့လက်ထဲ စပါးမရှိတော့သည့် ယခုအချိန်မှာ ကျပ် ၁၁ သိန်းကျော် ဖြစ်နေ၍ အချိန်တစ်လအတွင်း စပါးဈေးနှုန်း ကျပ်တစ်သိန်းကျော်မြင့်တက်လာကြောင်း ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ လယ်သမားဖြစ်သူ ဦးမျိုးလင်းက ပြောသည်။

ယင်းမြို့နယ်ရှိ ဆန်စပါးအရောင်းအဝယ် လုပ်ကိုင်နေသူ ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက "အရင်နှစ်က အခုလိုကာလတူ၊ အချိန်တူမှာ ရွှေဘိုပေါ်ဆန်းစပါး ဈေးနှုန်း ကျပ်ကိုးသိန်းကျော်သာရှိခဲ့ပြီး အရင်နှစ်ထက် အခုနှစ်က ငွေကျပ် နှစ်သိန်းကျော် ပိုမိုမြင့်မားနေပါတယ်။ ဒီဒေသမှာရှိတဲ့ မိုးကောင်းသောက် လယ်မြေတချို့ကတော့ နောက်မိုး(အောင်ရေ)မရွာခဲ့လို့ လယ်သမားတွေ ဝမ်းစာတောင် မရပါဘူး။ အချို့နယ်မြေဒေသတွေမှာလည်း ရေကြီးနစ်မြုပ်လို့ စပါးအထွက်လျော့နည်းမှု၊ တစ်နိုင်ငံလုံးမှာလည်း လူနေရပ်ကွက်တွေ၊ စက်ရုံအလုပ်ရုံတွေ၊ လမ်းတံတားတွေ တိုးပွားလာမှုကြောင့် စိုက်ဧက လျော့ကျလာမှု၊ တရုတ်ပြည်မှ ဆန်စပါးဝယ်လိုအားများလာမှု စတဲ့အကြောင်းတရားတွေကြောင့်ရော ငွေရှင်ကြေးရှင်နဲ့ ဆန်စက်ပိုင်ရှင်တွေကလည်း အရင်နှစ် စက်တင်ဘာ၊ အောက်တိုဘာမှာ စပါးဈေး ကျပ် ၁၄ သိန်းအထိ အရောင်းအဝယ်ဖြစ်ခဲ့တာကိုမျှော်ကိုးပြီး ဝယ်ယူသိုလှောင်ထားနေမှုကြောင့်ပါ စပါးရောင်းလိုအားထက် ဝယ်ယူစုဆောင်းလိုအားများနေမှုကြောင့် စပါးဈေးတွေကျဆင်းခြင်းမရှိဘဲ တစ်ရိပ်ရိပ်မြင့်တက်နေပါတယ်"ဟု ၎င်း၏အမြင်ကို ပြောသည်။

**(ရောင်နီတင်ဝင်း)**



အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

" ကျား၊မတန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း"

"Planet 50-50 by 2030: Step It Up for Gender Equality"

နေပြည်တော် ၈.၃.၂၀၁၆

# ပထမဆုံးအကြိမ်အဖြစ် Volkswagon ဇိမ်ခံကားများ တိုက်ရိုက်တင်သွင်း၍ ပြည်တွင်း၌ တရားဝင်ဖြန့်ချိရောင်းချတော့မည်

**ရန်ကုန် မတ် ၃**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် Volkswagon ဇိမ်ခံကားများနှင့် ဆက်စပ်ပစ္စည်းများကို တိုက်ရိုက်တင်သွင်း၍ ပြည်တွင်း၌ တရားဝင်ဖြန့်ချိရောင်းချတော့မည်ဖြစ်ကြောင်း Yoma German Motors မှ CEO ဖြစ်သူ Mr. Melvyn Pun က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဇိမ်ခံအမျိုးအစား မော်တော်ယာဉ်တွေကို မကြာခင်ကာလမှာ တိုက်ရိုက်တင်သွင်းသွားမယ်။ တစ်ချိန်တည်းမှာပဲ ယာဉ်အစိတ်အပိုင်း အပိုပစ္စည်းတင်သွင်းမှုနဲ့တပ်ဆင်ပြုပြင်မှုအပိုင်းကို လုပ်သွားမှာပါ။ အဲဒီအတွက်ကိုလည်း စာချုပ်တွေချုပ်ပြီး အားလုံးစီစဉ်ထားပြီးပါပြီ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ တင်သွင်းနိုင်ရန်အတွက် Yoma Strategic Holdings L.td လုပ်ငန်းစု၏ စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့် Yoma German Motors နှင့် Volkswagon တို့၏ တင်သွင်းခွင့်နှင့် ဖြန့်ချိရောင်းချရေး နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးခြင်းကို ဖေဖော်ဝါရီ ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ Novotel ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

ယင်းသို့ နှစ်ဖက်လက်မှတ်ရေးထိုးပြီးနောက် Yoma German Motors အနေဖြင့် Volkswagon မှ ထုတ်လုပ်သည့် အများသုံးမော်တော်ယာဉ်များ၊ ဇိမ်ခံကားများ၊ အပိုပစ္စည်းများကို မြန်မာနိုင်ငံသို့ တရားဝင်တင်သွင်းဖြန့်ချိရောင်းချသွားမည်ဖြစ်သည်။

Yoma German Motors အနေဖြင့် Volkswagon 3S Facility ကို ရန်ကုန်မြို့တွင် အမြန်ဆုံးဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံရှိ မြို့ကြီးများအနက် Volkswagon ကားအသုံးပြုသူအများဆုံးရှိသည့် မန္တလေးမြို့တွင် Volkswagon Service Center ကို ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း Yoma Strategic ၏ မော်တော်ယာဉ်ပိုင်းဆိုင်ရာ ဦးဆောင်သူ Mr. Michael Rudenmark က ပြောသည်။

ထိုသို့ ဇိမ်ခံကားများပြည်တွင်းသို့ ဝင်ရောက်လာမှုနှင့် ပတ်သက်၍ ကားပွဲစား ဦးအောင်နိုင်က "ဒီလို Volkswagen ကားတွေ မြန်မာနိုင်ငံကို ဝင်လာတာ ကြိုဆိုပါတယ်။ Volkswagon က safety ဖြစ်ပေမယ့် ဆီစားပြီး ဈေးနှုန်းမြင့်လို့ လူကြိုက်နည်းပါတယ်။ ဒီအမျိုးအစားက ဥရောပနိုင်ငံတွေမှာတော့ တော်တော် လူကြိုက်များကြတယ်။ ကျွန်တော်တို့နိုင်ငံမှာက ဂျပန်ထုတ်ကားတွေကို ပိုအကြိုက်တွေ့ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောသည်။

Yoma Strategic Holdings L.td သည် မြန်မာနိုင်ငံတွင် New Holland လယ်ယာသုံးမော်တော်ယာဉ်များ၊ Mitsubishi နှင့် Hino မော်တော်ယာဉ်များ၊ Bridgestone တာယာများကို တင်သွင်းဖြန့်ချိရောင်းချလျက်ရှိသည့်အပြင် လုပ်ငန်းသုံးမော်တော်ယာဉ် ငှားရမ်းခြင်းများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

## မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြီးစီး

**ရန်ကုန် မတ် ၃။** ။ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်သူနာပြုတက္ကသိုလ် (ပင်မ)၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက စတင်ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ကျင်းပပြီးစီးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖလောရင့်နိုက်တင်ဂေးဆုရ ကိုစနိုင်နိုင်ထွန်းအား ပညာသင်ထောက်ပံ့ငွေ၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မီးဘေးသင့် သူနာပြုသားဖွား မိသားစုများအတွက် ထောက်ပံ့ငွေကျပ် ၁၂ သိန်းနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) သင်တန်း၌ စံပြဆုရ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ သူနာပြုဒေါ်ခင်မြင့်မြင့်ဆွေအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ရန်ကုန်သူနာပြုတက္ကသိုလ်နှင့်တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ စာတမ်းရှင်များက သူနာပြုနှင့် သားဖွားပညာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့ကြသည်။ **(ရီရီမြင့်)**

# စားအုန်းဆီပြည်ပဈေးကွက်မတက်ဘဲ ပြည်တွင်းဈေးမြင့်၊ နိုင်ငံစုံမှတင်သွင်း၍ သကြားဈေးနှုန်းကျ

**ရန်ကုန် မတ် ၃**

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်းမှာ ၆၄၃ ဒေါ်လာမှ ၆၅၅ ဒေါ်လာအတွင်းသာရှိသည်။ ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေးမှာ ယင်းရက်အတွင်း ကျပ် ၁၄၉၀ မှ ၁၅၁၆ ကျပ် အတွင်း၊ ရန်ကုန်ဈေးကွက်တွင် ဆီထုတ်ယူခွင့်စာရွက် (D.o စာရွက်) တစ်ပိဿာရောင်းဈေး ကျပ် ၁၄၈၀ မှ ၁၄၉၅ ကျပ် အတွင်းရှိခဲ့သည်။

ဖေဖော်ဝါရီ ၂၉ ရက် တနင်္လာနေ့တွင် FOB တစ်တန်ဈေးနှုန်း ဒေါ်လာ ၆၅၀၊ ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေးနှုန်း ၁၅၀၈ ကျပ်၊ D.o စာရွက် တစ်ပိဿာရောင်းဈေး ၁၅၃၅ ကျပ်နှုန်းရှိလာသည်ဟု စားအုန်းဆီ နေ့စဉ်ဈေးနှုန်းသတင်းပေးပို့ခြင်း ထုတ်ပြန်မှုတွင် ဖော်ပြထားသည်။ ယနေ့ဈေးကွက်တွင် လက်ငင်း၊ လက်ကား၊ အလှယ်ရောင်းဈေးမှာ တစ်ပိဿာ ၁၅၄၅ ကျပ်နှုန်းရှိပြီး ဝယ်လိုအားများပြားသည်ဟု ဆီဝယ်ယူခဲ့သူတစ်ဦးက ဆိုသည်။

ဖေဖော်ဝါရီ ၂၉ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ရှမ်းအောင်ပန်း ကြက်သွန်ဖြူအသစ်များ ဝင်ရောက်ခဲ့ရာ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ကျပ် ၃၃၀၀ အတွင်း ဈေးဖွင့်ရောင်းချပြီး ရှမ်းအောင်ပန်းကြက်သွန်ဖြူအဟောင်းများမှာမူ တစ်ပိဿာ ကျပ် ၄၀၀၀ မှ ကျပ် ၄၃၀၀ အတွင်း အရွယ်အစားအလိုက် ဈေးနှုန်းအမြင့်တွင် ရှိနေဆဲဟု သိရသည်။

ယခုရက်ပိုင်းအတွင်း တရုတ်နယ်စပ်သို့ တင်ပို့ရန်အတွက် ပြည်ပနိုင်ငံစုံသကြားများ ပင်လယ်ရေကြောင်းခရီးမှ ကုန်သေတ္တာများ၊ ဝမ်းပုံ အနေအထားများဖြင့်လည်းကောင်း၊ မြဝတီနယ်စပ်မှ ၁၂ ဘီးယာဉ်၊ နောက်တွဲယာဉ်ကြီးများဖြင့် လည်းကောင်း ရန်ကုန်ဈေးကွက်သို့ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုရှိရာ ဘုရင့်နောင်ပွဲရုံရှိ သကြားပွဲရုံနှင့် သိုလှောင်ရုံများတွင် ညဉ့်နက်သည်အထိ ဂိုဒေါင်သွင်းနေရသည်ဟု သကြားဈေးကွက်မှ သိရသည်။

တရုတ်နိုင်ငံမှ သကြားဝယ်လိုအား မြင့်တက်လာသဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာပြည်တွင်းမှ သကြားတန်ချိန် တစ်သိန်းဝန်းကျင်သာ တင်ပို့ခဲ့ရာမှ ၂၀၁၅-၂၀၁၆ တွင် တန်ချိန် သုံးသန်းဝန်းကျင်အထိ တင်ပို့မှုရှိသည်ဟု ဖေဖော်ဝါရီ ၂၆ ရက်တွင် ပုဂ္ဂလိက နေ့စဉ်သတင်းစာတစ်စောင်တွင် ဖော်ပြမှုရှိခဲ့သည်။

တရုတ်ကုန်သည်ဝယ်အားမြင့်တက်မှုကြောင့် ၂၀၁၆ ဇန်နဝါရီလလယ်ပိုင်း ရန်ကုန်ဈေးကွက်တွင် ပြည်ပနိုင်ငံစုံမှတင်သွင်းလာသော သကြားလက်ကား တစ်ပိဿာဈေးနှုန်း ကျပ် ၁၂၃၀ မှ ကျပ် ၁၂၆၀ အတွင်းရှိခဲ့သည်။ တရုတ်နှစ်သစ်ကူးအဝယ်ရပ်ပြီး ယခုရက်ပိုင်းတွင် ယခင်ဝယ်ထားသော သကြားများသာ မူဆယ်သို့ ကားခ တစ်တန်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့်တင်ပို့မှုရှိသည်။

တရုတ်ကုန်သည်ဝယ်ယူခြင်း မရှိသေးသဖြင့် နယ်စပ်သကြားဈေးကျသကဲ့သို့ ရန်ကုန်တွင်လည်း သကြားတစ်တန် ကျပ် ၆၁၀၀၀၀ ဝန်းကျင်သာရှိပြီး ပြန်လည်ရောင်းချသည့်လက်ကားဈေးမှာ တစ်ပိဿာ ကျပ် ၁၀၃၀ ဝန်းကျင်သာရှိသည်။ သို့သော် ပြည်တွင်းထွက်သကြားဈေးနှုန်းမှာမူ တစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဝန်းကျင်ဖြင့် ဈေးမြင့်တွင်ရရှိနေဆဲဖြစ်သည်ဟု အောင်သပြေလမ်းသွယ်ရှိ သကြားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

သကြားဈေးနှုန်း ကျဆင်းချိန် တရုတ်ဝယ်လက်ခေါင်းဆိုင်ပြီး သကြားလုပ်ကိုင်သူ အများစုငွေရင်းရှိသမျှ ပြည်ပသကြားများကိုဝယ်ယူသိုလှောင်နေပြီး ပြည်ပမှ သကြားတင်သွင်းခွင့် ခွင့်ပြုချက်ပိတ်ချိန်၊ တရုတ်ဝယ် လက်ပြန်လည်ဝယ်ယူချိန်တို့ကို စောင့်မျှော်နေကြသည်ဟု သိရသည်။

ပြည်ပမှ သကြားတင်သွင်းရာတွင် စရိတ်ကုန်ကျမှုလျော့ချသည့်အနေဖြင့် ကုန်သေတ္တာဖြင့်တင်ပို့မှုအစား သင်္ဘောဝမ်းအတွင်း ဝမ်းပုံ ထည့်သွင်းတင်ပို့မှုများရှိလာသည်။ ယိုးဒယားသကြားမှာ ပင်လယ်ရေကြောင်းနှင့် နယ်စပ်တို့မှ ဝင်ရောက်သော်လည်း အဝင်နည်းပြီး ဈေးကွက်တွင် ဘရာဇီး-အိန္ဒိယသကြားတို့ထက် ဈေးနှုန်းအနည်းငယ်ပိုရသည်။ ဖေဖော်ဝါရီလကုန်တွင် အိန္ဒိယသကြားတစ်ပိဿာ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပြန်လည်ရောင်းချသည့်အခါ ကျပ် ၁၀၂၀ - ၁၀၃၀ နှုန်း ရှိချိန် ယိုးဒယားသကြားမှာ ကျပ် ၁၀၄၀ - ၁၀၅၀ နှုန်းရှိသည်ဟု သကြားဝယ်ယူပြီး နယ်ပို့သူတစ်ဦးက ပြောသည်။

တရုတ်နယ်စပ်သို့ပို့ရာတွင် သကြားတစ်တန်လျှင် ကျပ်တစ်သောင်းဝန်းကျင် အကြမ်းဖျင်းရရှိနိုင်သည့်အတွက် နယ်စပ်သို့ဆန်တင်ပို့သူနှင့် ပဲဈေးကွက်မှ ကုန်သည်အချို့သည်လည်း ဝင်ရောက်လုပ်ကိုင်လာကြသည်ဟု သိရသည်။ ၂၀၁၂ ခုနှစ်ဝန်းကျင်တွင် ဗီယက်နမ်မှ တင်သွင်းလာသော အမဲသားများ တရုတ်နယ်စပ်သို့ တစ်ဆင့်ပို့ကုန်အဖြစ်ပို့ချိန်တွင် ရန်ကုန်-မူဆယ်ကားခမှာ အမဲသားတစ်တန်လျှင် ကျပ် နှစ်သိန်းငါးသောင်းအထိ ဈေးမြင့်တက်ခဲ့သည်ဟု ကုန်တင်ယာဉ်ဂိတ် တာဝန်ခံတစ်ဦးက ပြောသည်။

**(မောင်စေအောင်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၄ - ၃ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ပထဝီဘာသာရပ်) |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၁း၃၅ | Weekly Sport Info |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “မြင့်မိုရ်မေမေ”(အပိုင်း-၄) |
| ၁း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မြစိမ်းရောင်သံစဉ်”(အပိုင်း-၁၅) |
| ၂း၂၅ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁) |
| ၃း၃၀ | ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ဘောဂဗေဒဘာသာရပ်) |
| ၄း၃၅ | Football Magazine (ရတနာပုံယူနိုက်တက်အသင်း) |
| ၅း၁၅ | “မေတ္တာဟူသည်” ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေ အင်းလေးခရီးစဉ်) |
| ၅း၃၅ | Hyper Sport |
| ၆း၃၅ | The Farmre (နို့စားနွားမွေးမြူရေး) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “မြစိမ်းရောင်သံစဉ်”(အပိုင်း-၁၆) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၈း၃၀ | “သဘာဝအဆင်အသွေးနဲ့ ထင်ရေးလို့ အလှခြယ်” |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ “မြင့်မိုရ်မေမေ”(အပိုင်း-၅) -ချစ်သောဤကမ္ဘာမြေ -သမိုင်းကိုဖော်ပြသောဝါကျများ (လူ့ရှင်တော်ကြီးဦးစိန်ရိုးနှင့် တွေ့ဆုံခြင်း)(ဒုတိယပိုင်း) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -တေးဂီတအစီအစဉ် |
| ၆း၂၀ | ပြည်သူ့နီတိ “စံပေတံဖြင့် တိုင်းတာခြင်း” |
| ၆း၃၅ | တေးဂီတအစီအစဉ် |
| ၇း၀၀ | ကိုရီးယားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၇၆) |
| ၇း၅၀ | ကိုရီးယားဇာတ်လမ်းတွဲ “ရွှေထီးဆောင်းမိသားစု” (အပိုင်း-၂၂) |
| ၈း၃၅ | ကာတွန်းအစီအစဉ် “BEN 10 ALIEN FORCE (Part-IV)” |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | မြန်မာ့ရိုးရာတူရိယာအစီအစဉ် “နှဲ” |
| ၉း၄၀ | သွေးချင်းတို့ဌာနီ မြန်မာပြည် “Sea Games သီချင်း” |
| ၁၀း၀၀ | မြန်မာ့ဗွီဒီယိုဇာတ်လမ်း “နှင်းဆီနက္ခတ်” (လူမင်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ညိုမင်းလွင်) |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅း၄၀ | “ဝိပလ္လာသ သုတ္တန်” တရားတော် [ဆရာတော် အရှင်ဥတ္တမ (သစ္စာရွှေစည်ဆရာတော်)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၁၂၁) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (မရမ်းချောင်းမေတ္တာ ပရဟိတဂေဟာ အနာကြီးရောဂါသည်များ ရန်ပုံငွေပွဲ) |
| ၈း၀၀ | “မင်္ဂလာပါ” The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၄၀) |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၁၅ | Food & Decor |
| ၁၁း၄၅ | MRTV-4 Stage |
| ၁၂း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ဓဝင်ကုန်သည်” (အပိုင်း-၂၆) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “မေတ္တာအသည်းမြွှာ” (အပိုင်း-၃၃) |
| ၄း၀၀ | Cartoon Series (Welcome To Sky Ville) |
| ၄း၂၀ | သဘာဝထဲမှ ရန်သူများ (အေးမြသောအပူမီး) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၁၂၂) |
| ၇း၂၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “မေတ္တာအသည်းမြွှာ” (အပိုင်း-၃၄) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၄၁) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ဓဝင်ကုန်သည်” (အပိုင်း-၂၇) |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | MRTV-4 Stage |
| ၁၀း၃၅ | World Of Knowledge (Is It Real : Hauntings) |

### mitv

| | |
|---|---|
| 07:27 | Visiting A Serene Village In The Northwest Of Myanmar |
| 07:42 | Lucrative Myanma Rattan Industry |
| 08:26 | Myanmar Classic Cars Rally 2015 (Ep-III ) |
| 08:37 | Let's perform a buffalo dance |
| 08:49 | Kid's Home |
| 09:26 | A Happy Visit to Zoological Garden (Nay Pyi Taw) |
| 09:37 | Htan Taw Drums (Part-I) "Osi" |
| 09:50 | Kayah Style |
| 10:26 | Image Of The Monks |
| 10:43 | Chinlone & The Dreams of the players |
| 10:56 | Dances of Myanmar "Muun Traditional Dance" |
| 07:27 | A Journey To Southern Shan State (Ep-2) |
| 07:47 | MURAL PAINTING BAGAN |
| 08:26 | The Stories Of The Great Souls (Daw Saw Mone Nyin - A Living Literary Legend Of Myanmar) |
| 08:52 | Myanmar Masterclass "Contemporary Art" |

## ကျူးဘားမှာ အခမဲ့ဖျော်ဖြေပွဲပြုလုပ်သွားမယ့် "The Rolling Stones"



ဗြိတိန်နာမည်ကျော်ရော့ခ်တေးဂီတအဖွဲ့ “The Rolling Stones”က ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ယခုလကုန်ပိုင်း၌ ဖျော်ဖြေပွဲတစ်ခု ကျင်းပသွားမည်ဖြစ်ကာ အဆိုပါဖျော်ဖြေပွဲတွင် ဝင်ကြေးပေးဆောင်စရာမလိုဘဲ အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ကြောင်း ယူပီအိုင်ဒေါ့ကွန်းတွင် ဖော်ပြထားသည်။

အဆိုပါ တေးဂီတအဖွဲ့ဝင် မစ်ခ်ဂျက်ဂျာနှင့် အခြားသောအဖွဲ့ဝင်များက သူတို့၏ လက်တင်အမေရိကန် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်“America Latina Ole”၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးဘားနိုင်ငံ၌ မတ် ၂၅ ရက်တွင် အခမဲ့ဖျော်ဖြေပွဲတစ်ခု ကျင်းပသွားမည်ဖြစ်ကြောင်း မီဒီယာများကို အတည်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

“The Rolling Stones” တေးဂီတအဖွဲ့က “ကျွန်တော်တို့ရဲ့ရှည်လျားလှတဲ့ အနုပညာသက်တမ်းတစ်လျှောက်မှာ ထူးခြားတဲ့ နေရာတော်တော်များများမှာ သွားရောက်ဖျော်ဖြေခဲ့ဖူးပါတယ်။ ဒါပေမယ့် ယခုဖျော်ဖြေမယ့် ကျူးဘားက ဖျော်ဖြေပွဲကတော့ ကျွန်တော်တို့အတွက် အထင်ကရ အဖြစ်အပျက်တစ်ခုအဖြစ် တည်ရှိနေမှာပါ။ ကျွန်တော်တို့အတွက်တင်သာ မဟုတ်ဘဲ ကျူးဘားမှာရှိတဲ့ ကျွန်တော်တို့ ပရိသတ်တွေနဲ့ မိတ်ဆွေတွေအတွက်လည်း ဒီလိုပဲဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့သည်။

လတ်တလောတွင် အဆိုပါ တေးဂီတအဖွဲ့သည်တောင်အမေရိကရှိ ဆာပိုလို၊ ရီယိုဒီဂျနေးရိုး၊ လင်မ်၊ ဘိုဂိုတာ၊ မက္ကဆီကိုမြို့တော်တို့တွင် နယ်လှည့်ဖျော်ဖြေပွဲများ ပြုလုပ်လျက်ရှိပြီး ယခုလ ၂၅ရက်တွင် ကျူးဘားသို့ လာရောက်ဖျော်ဖြေမည်ဖြစ်ကာ ယင်းဖျော်ဖြေပွဲသည် “The Rolling Stones”တေးဂီတအဖွဲ့၏ ကျူးဘားတွင် ပထမဦးဆုံးဖျော်ဖြေပွဲဖြစ်လာမည့်အပြင် နိုင်ငံအတွင်း၌ ၁၉၅၉တော်လှန်ရေးကြီးပြီးနောက် အကြီးကျယ်ဆုံးသော တေးဂီတ ဖျော်ဖြေပွဲတစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။ ယင်းဖျော်ဖြေပွဲအတွင်း “The Rolling Stones” အနေဖြင့် များစွာသော အရည်အသွေးမြင့် ဂီတတူရိယာပစ္စည်းများကို ကျူးဘားနိုင်ငံအတွင်းရှိ ဂီတအနုပညာရှင်များထံသို့ ပေးအပ်လှူဒါန်းသွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

## ပရီယန်ကာချော်ပရာ၏ ပထမဦးဆုံးသော ဟောလိဝုဒ်ရုပ်ရှင် စတင်ရိုက်ကူး



ဘောလိဝုဒ်ရဲ့ နာမည်ကျော်တစ်ဦးဖြစ်သူ မင်းသမီး ပရီယန်ကာချော်ပရာဟာ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို ဟောလိဝုဒ်အထိ ခြေဆန့်နိုင်ခဲ့ပြီဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၈ ရက်ကကျင်းပခဲ့တဲ့ ဟောလိဝုဒ်ရဲ့ သရုပ်ဆောင်ထူးချွန်ဆုပေးပွဲကြီးဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးကို တက်ရောက်ခဲ့ရာ သူ့ရဲ့ထူးခြားပြီး ဆွဲဆောင်မှုရှိတဲ့ ဝတ်စုံနဲ့အပြင်အဆင်တွေကြောင့် ဟောလိဝုဒ်မီဒီယာတွေရဲ့ ချီးကျူးခြင်းကို ခံခဲ့ရပါတယ်။ ယင်းဆုပေးပွဲကြီးရဲ့ ပါတီပွဲကို တက်ရောက်အပြီးမှာတော့ ချော်ပရာဟာ သူ့ရဲ့ပထမဦးဆုံးသော ဟောလိဝုဒ်ရုပ်ရှင်ကို ရိုက်ကူးဖို့ရာ ဖလော်ရီဒါပြည်နယ်ကို ခရီးဆက်ခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းမှာ ဖော်ပြခဲ့ပါတယ်။

အသက် (၃၃)နှစ်အရွယ် ချော်ပရာပါဝင်ရိုက်ကူးလျက်ရှိတဲ့ ရုပ်ရှင်ကတော့ “*Baywatch*”လို့ အမည်ရပြီး ယင်းရုပ်ရှင်မှာ သူဟာ ဆိုးသွမ်းတဲ့ မိန်းကလေးတစ်ဦးအဖြစ် ဗီလိန်တစ်ဦးနေရာကနေ ပါဝင်သရုပ်ဆောင်သွားမှာ ဖြစ်ကြောင်း သိရပါတယ်။ ယင်းရုပ်ရှင်မှာ ဟောလိဝုဒ်ရဲ့နာမည်ကျော်မင်းသား ဇက်အဖရွန်လည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။

ယင်းရုပ်ရှင်ရိုက်ကူးရေးရဲ့ ပထမနေ့မှာတော့ ချော်ပရာဟာ အဖြူရောင်ဝတ်စုံနဲ့ စွဲဆောင်မှုရှိရှိလှနေပြီး သူ့ရဲ့ဝတ်စားဆင်ယင်ပုံတွေဟာ ဟောလိဝုဒ်ဖက်ရှင်လောကရဲ့ အနာဂတ်ပန်းတိုင်တွေတောင် ဖြစ်လာနိုင်ကြောင်း အဆိုပါမီဒီယာက ဖော်ပြထားပါတယ်။

ပါရာမောင့်ထ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သွားမယ့် အဆိုပါရုပ်ရှင်ကို အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ၂၀၁၇ ခုနှစ် မေ ၁၉ ရက်မှာ စတင်ရုံတင်ပြသသွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေး ပြည့် - ရေး သား သည်

## ကြေးမုံ ရုပ်ရှင်အညွှန်း

## Zootopia အန်နီမေးရှင်းဇာတ်ကား မတ် ၄ ရက်တွင် တစ်ပြိုင်နက် ပြသ




ဝေါ့ဒစ်စနေအန်နီမေးရှင်းစတူဒီယိုကထုတ်လုပ်ထားတဲ့ *Zootopia* လို့ အမည်ရတဲ့ သရီးဒီအန်နီမေးရှင်းဇာတ်ကားလေးအကြောင်း မိတ်ဆက်ပေးချင်ပါတယ်။

ဒီဇာတ်ကားလေးဟာ ဝေါ့ဒစ်စနေရဲ့ ၂၀၁၆ ခုနှစ် တစ်နှစ်ထဲမှာ တစ်ပြိုင်နက်ထွက်ရှိခဲ့တဲ့ အန်နီမေးရှင်းဇာတ်ကားနှစ်ကားထဲက တစ်ကားလည်းဖြစ်ပါတယ်။

*Zootopia* ဇာတ်လမ်းအကျဉ်းလေးကို ပြောပြရမယ်ဆိုရင် *Zootopia* တိရစ္ဆာန်မြို့တော်မှာ ရာဇဝတ်မှုမကျူးလွန်ဘဲနဲ့ စွပ်စွဲခံနေရတဲ့ စကားပြောမြန်တဲ့ မြေခွေးလေးဟာ အဖမ်းမခံရအောင် ထွက်ပြေးနေရပြီး သူ့နောက်ကို မှန်မှန်ကန်ကန်နဲ့လုပ်တတ်တဲ့ ယုန်လေးတစ်ကောင်က ခြေရာခံလိုက်နေပါတယ်။

ဒါပေမယ့် သူတို့နှစ်ကောင်ဟာ လူဆိုးတွေရဲ့ လျှို့ဝှက်ကြံစည်မှုမှာ အဓိကပါဝင်ပတ်သက်ခဲ့ကြတာ သိလာကြတဲ့အချိန်မှာတော့ သူတို့နှစ်ကောင်ဟာ အတူပူးပေါင်းပြီး ပြန်လည်ဖော်ထုတ် တွန်းလှန်ကြပါတော့တယ်။ သဘာဝလောကကြီးမှာ မတည့်ကြတဲ့တိရစ္ဆာန်နှစ်ကောင်ကို အကောင်းဆုံးသူငယ်ချင်းတွေအဖြစ်မြင်တွေ့ကြရမယ့် အန်နီမေးရှင်းဇာတ်ကားတစ်ကားဖြစ်ပါတယ်။

ကိုလံဘီယာအဆိုတော် ရှာကီရာက အသံသရုပ်ဆောင်အဖြစ် ပါဝင်ထားတဲ့ ဒီဇာတ်ကားကို ဒစ်စနေရဲ့ ဒစ်ဂျစ်တယ်သရီးဒီ၊ *RealD 3D* နဲ့ *IMAX 3D* တွေမှာ မတ် ၄ ရက်မှာ တစ်ပြိုင်နက်ပြသမှာဖြစ်သလို ရန်ကုန်မြို့မှာလည်း မင်္ဂလာ(၂)၊ နေပြည်တော် *Cineplex*၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်းနဲ့ မင်္ဂလာထွန်း သီရိရုပ်ရှင်ရုံတွေမှာလည်း တစ်ပြိုင်နက် ပြသမှာဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

**ဖြိုးစန္ဒာမြင့်**

# အာဆင်နယ်၊ စပါးတို့ ရှုံးပွဲ ကြုံခဲ့ရပြီး ကယ်ပီတယ်ဝမ်းက ရှုံးကြွေးကို ပြန်လည်ရယူနိုင်ခဲ့တဲ့ လီဗာပူး

မတ် ၃ ရက် မနက်စောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၈)မှာ ဇယားထိပ်က အသင်းတွေဖြစ်တဲ့ အာဆင်နယ်၊ စပါးတို့ဟာ ပြိုင်ဘက် အသီးသီးကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ကြပြီး လီဗာပူးကတော့ ပြီးခဲ့တဲ့ လေးရက်လောက်ကမှ ကယ်ပီတယ်ဝမ်းဖလားမှာ အရေးနိမ့်ခဲ့တဲ့ မန်စီးတီးကို သုံးဂိုးပြတ်အနိုင်ကစားပြီး ပေါက်ကွဲပြခဲ့ပါတယ်။ မန်ယူကတော့ ဝက်ဖို့ဒ်ကို တစ်ဂိုးတည်းနဲ့သာ ကပ်ပြီးအနိုင်ရခဲ့ပေမယ့် အခုလို လူအင်အား မပြည့်စုံချိန်မှာ ပရီမီယာလိဂ်နှစ်ပွဲဆက်တိုက် အနိုင်ရအောင်ကစားသွားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကိုတော့ ချီးကျူးရမှာဖြစ်ပါတယ်။

စပါးအသင်းဟာ ဝက်စ်ဟမ်းကို အနိုင်ယူနိုင်ခဲ့ရင် အမှတ်ပေးဇယား ဦးဆောင်ခွင့်ရရှိမှာဖြစ်ပေမယ့် အသင်းလိုက် မာကျောမှု အပြည့်ရှိတဲ့ ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့တာကြောင့် အခွင့်အရေးကောင်းတစ်ခုဆုံးရှုံးခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ပွဲအစခုနစ်မိနစ်မှာ ဝက်စ်ဟမ်း ကွင်းလယ်လူ ပါယက် ကန်တင်ပေးလိုက်တဲ့ ထောင့်ကန်ဘောကို အန်တိုနီယိုက ခေါင်းတိုက်ပြီး ယခုပွဲရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးအဖြစ် သွင်းယူပေးခဲ့ပါတယ်။ ဦးဆောင်ဂိုးပေးပြီးတဲ့နောက် စပါးအသင်းဟာ ချက်ချင်းဆိုသလို အကောင်းဆုံးဖန်တီးမှုတွေနဲ့ ဝက်စ်ဟမ်း အသင်းဘက်ကိုတစ်ရစပ် တိုက်စစ်ဆင်ကစားခဲ့ပေမယ့် အယ်လ်ဒါဝီလ်ဒ်နဲ့ ဟယ်ရီကိန်းတို့ရဲ့ ကန်ချက်တွေကို ဝက်စ်ဟမ်းဂိုးသမား အက်ဒရီယန် အကောင်းဆုံး ကာကွယ်နိုင်ခဲ့တာကြောင့် စပါးအသင်းဟာ “မှန်းချက်နဲ့ နှမ်းထွက်မကိုက်ခဲ့တဲ့ပွဲ”ဖြစ်ခဲ့ရပါတယ်။ စပါးနည်းပြ ပိုချက်တီနိုက အနိုင်ရလဒ်အတွက် အသင်းကို တိုက်စစ်ဖွင့်ကစားစေခဲ့ပေမယ့် ပထမပိုင်းတစ်လျှောက်လုံး ထိရောက်တဲ့ ဖန်တီးမှုတွေ မဖော်ဆောင်နိုင်ခဲ့တာ၊ အသင်းရဲ့ လျင်မြန်မှုနဲ့ အချိန်ကိုက် လှုပ်ရှားမှုပိုင်းမှာပါ အားနည်းခဲ့တာကြောင့် စပါးအသင်းက ၁၉၆၄ ခုနှစ် မတ်လနောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် အမှတ်ပေးဇယား အဆင့်(၁) နေရာ တက်ရောက်ခွင့် ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကလည်း ၁၂ နှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ်ဖလား ပြန်လည်ရယူဖို့ ကြိုးပမ်းနေပေမယ့် အိမ်ကွင်းမှာ ကစားခဲ့ရတာတောင် ဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့တာကြောင့် ချန်ပီယံဖြစ်မယ့် စိတ်ဓာတ်အင်အားမျိုး အာဆင်နယ်မှာ ပျောက်ဆုံးနေပြီလားဆိုတာ မေးခွန်းထုတ်ချင်စရာပါ။ ပွဲချိန် ၁၅ မိနစ်မှာ အာဆင်နယ်မှ ကမ်းဘဲလ်က အိမ်ရှင်အတွက် အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့ပေမယ့် ၃၂ မိနစ်မှာ ရုဒ်လက်ထ်၊ ၇၄ မိနစ်မှာ ဝီလျံတို့က ဆွမ်ဆီးအတွက် ချေပဂိုးနဲ့ အနိုင်ဂိုးတွေ သွင်းယူခဲ့ကြတာကြောင့် အာဆင်နယ်ဟာ လက်စတာရဲ့ သရေပွဲ၊ စပါးရဲ့ ရှုံးပွဲတွေအပေါ် အခွင့်အရေး မယူနိုင်ခဲ့ဘူးလို့ ယူဆရမှာ ဖြစ်ပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးက မန်ယူကို ရှုံးနိမ့်တဲ့ ပွဲအပြီးမှာ ဆွမ်ဆီးကိုသာ အနိုင်မယူနိုင်ရင် ဒီနှစ်အတွက် ချန်ပီယံဆု မမျှော်လင့်တော့နဲ့လို့ အသင်းသားတွေကို စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်ပေးခဲ့ပေမယ့် တကယ်တမ်းကစားခဲ့တဲ့အချိန်မှာလည်း ဆွမ်ဆီးကို သိသိသာသာ အသာယူနိုင်ခြင်းမရှိသလို တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်ပိုင်း မသေချာမှုကလည်း ရှုံးပွဲရဲ့ အဓိကအကြောင်းတရားတစ်ခုဖြစ်ခဲ့ပါတယ်။

မန်စီးတီးနဲ့ လီဗာပူးတို့ရဲ့ ပွဲကတော့ ဒီအပတ်ရဲ့ ပရိသတ်စိတ်အဝင်စားဆုံး ပွဲဖြစ်ခဲ့သလို နှစ်ဖက်စလုံး တိုက်စစ်ဖွင့်ကစားခဲ့တာကြောင့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ မန်စီးတီးအသင်းက ပရီမီယာလိဂ်ချန်ပီယံဘွဲ့ကို ရရှိလိုတာကြောင့် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူပြီး အိမ်ရှင်အသင်းကို ဖိအားပေးဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် မန်စီးတီး တောင်ပံတိုက်စစ်နေရာမှာ ကစားခဲ့တဲ့ ယခင် လီဗာပူးကစားသမားဟောင်း စတာလင်း ဘောလုံးခြေထောက်နဲ့ထိတိုင်း အိမ်ရှင်ပရိသတ်က လှောင်ပြောင်ခဲ့တာကြောင့် မန်စီးတီး နည်းပြ ပယ်လီဂရီနီက ဖိအားများနေတဲ့ စတာလင်းနေရာမှာ ဘိုနီကို ထည့်သွင်း ကစားစေခဲ့ပါတယ်။ ဒါပေမယ့် ဘိုနီက အသင်းရဲ့ တောင်ပံတိုက်စစ်ကို အားဖြည့်ပေးနိုင်ဖို့ လုံလောက်တဲ့ စွမ်းအင်မရှိခဲ့တာကြောင့် မန်စီးတီးတိုက်စစ် ဟာ အသက်ဝင်ခြင်းမရှိခဲ့ဘဲ ချေပဂိုးတစ်ဂိုးတောင် မသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးကတော့ မန်စီးတီးရဲ့ အားပျော့နေတဲ့ ညာတောင်ပံကနေအဓိက ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ပြီး လယ်လာနာ၊ ဖာမီနို၊ မီလ်နာ တို့ရဲ့ တိုးအားနဲ့ မန်စီးတီးနောက်တန်းကို တောက်လျှောက် ဖိအားပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် လီဗာပူးဟာ ပွဲချိန် ၃၄ မိနစ်၊ ၄၁ မိနစ်နဲ့ ၅၇ မိနစ်တွေမှာ ဆက်တိုက်ဆိုသလို အနိုင်ဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးဂိုးသမား ဂျိုးဟတ်နဲ့ နောက်တန်းကစားသမားတွေဟာ လီဗာပူးရဲ့ ထိရောက်တဲ့ တောင်ပံတိုက်စစ် ဖိအားပေးခံရတဲ့အပေါ် အနည်းငယ်ပြာသွားခဲ့တဲ့အတွက် အခုလောက်အထိ ဂိုးပြတ်ခဲ့ရတာဖြစ်ပါတယ်။ ဒီပွဲမှာ အဓိကချီးကျူးရမှာက မီလ်နာနဲ့ လယ်လာနာတို့ နှစ်ဦးဖြစ်ပြီး သူတို့နှစ်ဦးရဲ့ အားပါတဲ့ လှုပ်ကစားနိုင်မှုက အခုပွဲရဲ့ အဓိက အဖြေဖြစ်ခဲ့ပါတယ်။ ❐






မေလှဲသင်း - စုစည်းရေးသားသည်

## ရီးယဲလ်မက်ဒရစ် မြေလှန်ပြင်ဆင်ရေးအတွက် စီရိုနယ်လ်ဒိုအပါအဝင် ကြယ်ပွင့်ကစားသမား ၁၀ ဦးအထိ ရောင်းချရန် ပီရက်ဇ် ပြင်ဆင်




ရီးယဲလ်မက်ဒရစ် ဥက္ကဋ္ဌကြီး ဖလော်ရန်တီနိုပီရက်ဇ်က ရီးယဲလ်၏ လက်ရှိရုန်းကန်နေရသော အနေအထားများကြောင့် အသင်းကို အစမှ ပြန်လည်ပြင်ဆင်ရန် လိုအပ်နေပြီဟု ယူဆထားရာ ယခုနှစ်နွေဈေးကွက်အတွင်း စီရိုနယ်လ်ဒိုအပါအဝင်အသင်း၏ ကြယ်ပွင့်ကစားသမား(၁၀)ဦး အထိရောင်းချရန် စီစဉ်နေပြီဖြစ်ကြောင်း စပိန်ဒေါ့ကွန်းက ဖော်ပြသည်။ စီရိုနယ်လ်ဒိုနှင့် အသင်း ခေါင်းဆောင် ရာမို့စ်တို့နှစ်ဦးကလည်း ၎င်းတို့ကို အသင်းမှ ထွက်ခွာခွင့်ပြုရန် ရီးယဲလ်မက်ဒရစ် တာဝန်ရှိသူများအား တောင်းဆိုထားပြီးဖြစ်သလို ရီးယဲလ်ဘက်ကလည်း စီရိုနယ်လ်ဒိုအတွက် ယူရို သန်း ၆၀၊ ရာမို့စ် အတွက် ယူရိုသန်း ၂၀မှ ၂၅သန်းကြားရလျှင် ရောင်းချတော့မည်ဟု သတင်းရင်းမြစ် အတော်များများ ၌ ဖော်ပြခဲ့သည်။

ယခုနှစ်တွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသော အစ္စကိုနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့နှစ်ဦးကိုလည်း အရောင်းစာရင်းတွင် ထည့်သွင်းထားပြီး တိုနီခရူးစ်ကမူ ဘွန်ဒက်စ်လီဂါသို့ ပြန်လည်အခြေချရန် ပြင်ဆင်နေကြောင်း သိရသည်။ ပီပီနှင့် အာဘီလိုအာတို့နှစ်ဦးကလည်း အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသကဲ့သို့ ကာစီမီရို၊ ဂျက်ဇ်နှင့် ဒန်နီလိုတို့ သုံးဦးကိုမူ ဥက္ကဋ္ဌပီရက်ဇ်က ရောင်းချလိုနေခြင်း ဖြစ်သည်။

## အာဆင်နယ်၏လက်ရှိရလဒ်များကြောင့် စိုးရိမ်စိတ်ဝင်ခဲ့ရပြီဟု ဝင်းဂါးဝန်ခံ

အာဆင်နယ်သည် မတ် ၃ ရက်တွင် ဆွမ်ဆီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ပြီးနောက် သုံးပွဲဆက်တိုက် အရေးနိမ့်မှုဖြစ်ခဲ့ရာ အသင်း၏ လက်တလော ရလဒ်များအပေါ် မိမိအနေဖြင့် စိုးရိမ်စိတ်ဝင်နေရပြီဟု နည်းပြ ဝင်းဂါးက ဝန်ခံပြောကြားလိုက်သည်။ အာဆင်နယ်သည် ဆွမ်ဆီးအသင်းအား အိမ်ကွင်းတွင် လက်ခံကစားခဲ့ရခြင်းဖြစ်သော်လည်း ဂိုးဖန်တီးမှုနှင့် အဆုံးသတ်ပိုင်းတွင် အသာမရခဲ့ဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဝင်းဂါးက “အခုအချိန်မှာတော့ ကျွန်တော်တို့ ချန်ပီယံအိပ်မက် မက်လို့မရသေးဘူးပေါ့။ ဒါပေမယ့် ဆွမ်ဆီးကို ရှုံးနိမ့်ခဲ့တာက ကံမကောင်းလို့သာဖြစ်ပြီး အခွင့်အရေး မြောက်မြားစွာကို ကျွန်တော်တို့ ဖန်တီးနိုင်ခဲ့ပါတယ်။ ဆွမ်ဆီးက ဂိုးပေါက်တည့်တဲ့ ကန်သွင်းချက် နှစ်ကြိမ်ပဲ ပြုလုပ်နိုင်ခဲ့ပြီး နှစ်ဂိုးရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ နောက်သုံးရက်နေရင်လည်း အသင်းကြီးတစ်သင်းနဲ့ ဆက်လက်တွေ့ဆုံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိရလဒ်ပိုင်းနဲ့ပတ်သက်ပြီး ပိုမို အာရုံစိုက်ရတော့မှာဖြစ်သလို တကယ့်ကို စိုးရိမ်စရာ အနေအထားပါ”ဟု ရှင်းလင်းပြောကြားလိုက်သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်တွင် ဘာစီလိုနာအား ရှုံးနိမ့်ပြီးနောက် ပရီမီယာလိဂ်တွင် မန်ယူနှင့် ဆွမ်ဆီးတို့အား ဆက်တိုက်အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ လာမည့် မတ်၅ ရက်တွင် စပါးအသင်းအား အဝေးကွင်းတွင် သွားရောက် ရင်ဆိုင်ရဦးမည်ဖြစ်သည်။

## စီးရီးအေ ရင်ခုန်သံ (၂၈)

SERIE A

ရှိုင်း မင်း မင်း

**စီးရီးအေ ပွဲစဉ် ၂၈ ကိုမတ်လ ၅၊ ၆၊ ၇ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာ ရိုမာနဲ့ ဖီအိုရင်တီးနားတို့ဆုံတွေ့တဲ့ပွဲ ပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမှာသေချာနေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာ ဂျူဗင်တပ်၊ နာပိုလီ၊ အင်တာမီလန်တို့ နိုင်ပွဲရယူနိုင်ခြေ ရှိနေကာ အေစီမီလန်ကတော့ နိုင်ပွဲရယူနိုင်ဖို့ရုန်းကန်သွားရမယ့်အခြေအနေမှာရှိနေပါတယ်။**

### *ရိုးမား - ဖီအိုရင်တီးနား* — *နံနက် ၂း၁၅ (၅-၃-၁၆)*

ရိုးမားခြေကတောက်လျှောက် ကောင်းမွန်နေပါတယ်။ တိုက်စစ်က ဂိုးသွင်းခြေထက်မြက်နေသလို အသင်းလိုက်ကစားပုံလည်း အားကောင်းနေပါတယ်။ အထူးသဖြင့် ရိုးမားဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုမို ကောင်းမွန်တတ်သလို ဒီပွဲစဉ်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက်လည်း အရေးပါတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဖီအိုရင်တီးနားခြေကလည်း ကောင်းမွန်နေကာ တိုက်စစ်၊ ခံစစ်မျှတအောင် ကစားနေနိုင်တာတွေ့ရပါတယ်။ ရိုးမားအိမ်ကွင်းဖြစ်ပေမယ့် အခက်တွေ့နိုင်ကာ ဖီအိုရင်တီးနားရဲ့တုံ့ပြန်ကစားအားကြောင့် သရေကျဖို့များပါတယ်။

### *နာပိုလီ - ချီယေဗို* — *နံနက် ၂း၁၅ (၆-၃-၁၆)*

နာပိုလီဟာ ချန်ပီယံဆုအတွက် ဂျူဗင်တပ်နဲ့ အားပြိုင်နေရတာကြောင့် ဒီလိုပွဲစဉ်မျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ နာပိုလီရဲ့ခြေစွမ်းအနည်းငယ် ကျဆင်းလာတယ်ဆိုပေမယ့်လည်း အိမ်ကွင်းဖြစ်တယ်။ ဒါ့အပြင် ချီယေဗိုခြေကလည်း ပျက်ယွင်းနေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ နာပိုလီကသာ အိမ်ကွင်းအားနဲ့ဖိအားပေးကစားသွားနိုင်မှာ သေချာနေပါတယ်။ နာပိုလီ ပဲအနိုင်ရမယ်။

### *တိုရီနို - လာဇီယို* — *ည ၆း၀၀ (၆-၃-၁၆)*

လာဇီယိုခြေက တည်ငြိမ်မှုအနည်းငယ်အားနည်းနေတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ကစားပုံ အားနည်းမှုတွေရှိတတ်ကာ အဝေးကွင်းနောက်ဆုံးသုံးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်မှု မရှိခဲ့သလို နိုင်ပွဲလည်းမရခဲ့ပါဘူး။ ဒါပေမယ့် တိုရီနိုခြေကလည်း သာမန်သာရှိကာ အိမ်ကွင်းပွဲတွေမှာတောင် နိုင်ပွဲရယူနိုင်ဖို့ရုန်းကန်နေရပါတယ်။ လာဇီယိုသရေလောက်ရမှာပါ။

### *အတ္တလန္တာ - ဂျူဗင်တပ်* — *ည ၈း၃၀ (၆-၃-၁၆)*

အတ္တလန္တာကခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ တိုက်စစ်ကဂိုးသွင်းခြေ မတည်ငြိမ်သလို ခံစစ်ကလည်း ကျစ်လျစ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ကွင်း ပွဲတွေမှာတောင် နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်နေရပြီး ဒီပွဲစဉ်မှာလည်း ဂျူဗင်တပ်ကိုထိန်းချုပ်ကစားသွားနိုင်ဖို့ခက်ခဲနေပါတယ်။ ဂျူဗင်တပ်ကတော့ နာပိုလီနဲ့ ချန်ပီယံဆုအတွက် အားပြိုင်နေရတာကြောင့် ဒီလိုပွဲမျိုးမှာအမှားခံမှာမဟုတ်ပါဘူး။ ဂျူဗင်တပ်ကသာ အဝေးကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### *ဆာစူအိုလို - အေစီမီလန်* — *ည ၈း၃၀ (၆-၃-၁၆)*

အေစီမီလန်ခြေက ကောင်းမွန်မှုရှိနေပါတယ်။ အဝေးကွင်းပွဲတွေမှာတောင် အမှတ်ရအောင်ကစားနိုင်သလို နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာ နာပိုလီကိုတောင်သရေကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့်ဆာစူအိုလိုကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေတယ်။ ဆာစူအိုလိုအနေနဲ့ ဥရောပဝင်ခွင့်လည်း မျှော်လင့်နိုင်တာကြောင့် အားစိုက်ကစားမှာဖြစ်တာကိုလည်းသတိပြုရမှာပါ။ အေစီမီလန် သရေလောက်ပဲ ကစားနိုင်မယ်။

### *ဖရိုစီနိုနီ - အူဒီးနီးစ်* — *ည ၈း၃၀ (၆-၃-၁၆)*

တန်းမဆင်းရဖို့အတွက် အားကုန်ရုန်းကန်နေတဲ့ ဖရိုစီနိုနီဟာ ခြေစွမ်းပိုင်းလည်းတိုးတက်မှုတွေရှိလာတာ တွေ့ရပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဒီပွဲစဉ်မှာအမှတ်ပြည့်ရရှိရေးအားစိုက်ကစားလာမှာလည်း သေချာနေပါတယ်။ နောက်ဆုံးအိမ်ကွင်းပွဲမှာ လာဇီယိုကိုတောင် သရေကစားနိုင်ခဲ့ပါတယ်။ အူဒီးနီးစ်ကလည်းတန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေက ပျက်ယွင်းနေပါတယ်။ ဖရိုစီနိုနီကသာ ကပ်နိုင်သွားမှာပါ။

### *အင်တာမီလန် - ပါလာမို* — *နံနက် ၂း၁၅ (၇-၃-၁၆)*

အင်တာမီလန်ဟာ အခုနောက်ပိုင်းပွဲတွေမှာ ရလဒ်တွေမတည်ငြိမ်မှုနဲ့ အတူ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ရုန်းကန်လာရပါတယ်။ ဒါကြောင့်လည်း အင်တာမီလန်အနေနဲ့ အိမ်ကွင်းအားနဲ့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ပါလာမိုကလည်း တန်းမဆင်းရရေး အားစိုက်ကစား လာမှာဖြစ်ပေမယ့် ခြေကတော့အားနည်းမှုတွေ များလွန်းနေပါတယ်။ နောက်ဆုံးအဝေးကွင်း သုံးပွဲဆက်တိုက်နိုင်ပွဲမရခဲ့သလို အဆိုပါ သုံးပွဲမှာ ခံစစ်က ရှစ်ဂိုးအထိပေးခဲ့ရပါတယ်။ အင်တာမီလန်ကသာ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

# မြဝတီမြို့ အမှတ် (၅)ရပ်ကွက် စိုက်ပျိုးရေးဇုန်၌ ဓာတ်ဆီဖြည့်ရာမှ အပူဟပ်ပြီး မီးလောင်မှုဖြစ်ပွား

**မြဝတီ မတ် ၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ စိုက်ပျိုးရေးဇုန်တွင် မတ် ၂ ရက် ညနေ ၅ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဝါးစကင်း(ရှမ်းလမ်းခွဲ)လမ်းရှိ စိုက်ပျိုးရေးဇုန် အမှတ်(၁၄)ဂိတ်အနီးရှိ ဆီဖြည့်လုပ်ငန်းလုပ်ကိုင်သည့် နေအိမ်၌ ယာဉ်မောင်းမရှိခိုက် မော်လမြိုင်မြို့နေသူ ယာဉ်နောက်လိုက် နေထွန်းကျော် (၂၂)နှစ်သည် မြဝတီမြို့ မေတ္တာအေးမြိုင်လမ်းနေ ဆီပန့်ကိုင် အလုပ်သမား နေရဲကျော်(၂၀)နှစ်နှင့်အတူ 6I/----- နစ်ဆန်းအမျိုးအစား ခြောက်ဘီး(လိုင်စင်စိစစ်ဆဲ) ယာဉ်ပေါ်တွင်တင်ထားသော ဂါလန် ၅၀ ဆံ့ ဆီပီပါခွံ အလုံး ၈၀ အတွင်းသို့ ဓာတ်ဆီများဖြည့်ရာ ပီပါ ၁၅ လုံး ဖြည့်ပြီးချိန်တွင် အပူဟပ်မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးမြင့်ဆွေ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းများမှ မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယာဉ်နှင့်အတူ ဆီပီပါများကူးစက်လောင်ကျွမ်းကာ ဦးညွန့်သောင်း၏ ပေ(၃၀×၄၀) RC အမျိုးအစား တစ်ထပ်သွပ်မိုး တိုက်ခံအိမ် တစ်လုံး၊ ၎င်းနေအိမ်ကပ်လျက်ရှိ ဦးနိုင်မိုး ပိုင်ဆိုင်သော ပေ(၂၀×၃၀) ပျဉ်ခင်း၊ ပျဉ်ကာ လုံးချင်းတစ်ထပ်အိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့ပြီး နေထွန်းကျော်နှင့် နေရဲကျော်တို့တွင် မီးလောင်ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ပြီး



မြဝတီပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နေရဲကျော်အား မြဝတီမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



**ဟာမီတူရောင်းအာမက် နှင့် မာမွတ်ရော်ဖီးတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃**

ညေဝတီရေတပ်စခန်း၌ာနချုပ် အမှတ်(၁၆)စစ်ရေယာဉ်အုပ်စု၏ အကူရေယာဉ်အုပ်(မောင်တော)နှင့် မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က နတ်မြစ်အတွင်း ဟာမီတူရောင်းအာမက်နှင့် မာမွတ်ရော်ဖီးတို့လိုက်ပါလာသည့် လောင်းလှေကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄၅၀ ကိုလည်းကောင်း၊ အလားတူယင်းနေ့က ကော့သောင်းမြို့ ရွှေဟသ်ာရပ်ကွက် ရွာမလမ်းရှိ မြင့်မြတ်သူ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ခရီးသည်များထံမှ ပစ္စည်းများလုယက်သူ အငှားယာဉ်မောင်းအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**ရန်ကုန် မတ် ၃**

ခရီးသည်များထံမှ ပစ္စည်းများ လုယက်ယူဆောင်ခဲ့သည့် ယာဉ်မောင်းအား ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေ -----သည် အောင်မင်္ဂလာ အဝေးပြေးဝင်းမှ အငှားယာဉ်တစ်စီးအား ငှားရမ်း၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိနေအိမ်သို့ပြန်လာစဉ် အဆိုပါ အငှားယာဉ်ပေါ်တွင် အမည်မသိအမျိုးသား တစ်ဦးလည်းပါရှိလာခဲ့ကြောင်း၊ သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာ မှောင်ရိပ်အရောက် ယာဉ်အားရပ်တန့်ကာ ယာဉ်မောင်းဖြစ်သူက အမည်မသိအမျိုးသားနှင့်အတူ ----ထံမှ ဆင်းကတ်ပါ Samsung လက်ကိုင်ဖုန်းတစ်လုံးနှင့် i phone 5 S လက်ကိုင်ဖုန်းတစ်လုံး၊ ငွေစက္ကူရောရာ ကျပ် ၅၅၀၀၀ တို့အား ယူဆောင်၍ ယာဉ်အား မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် သာကေတမြို့နယ်ရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၅ နာရီတွင်လည်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်နေ -----သည် ဇနီးဖြစ်သူနှင့်အတူ အောင်မင်္ဂလာအဝေးပြေးဝင်းသို့ ရောက်ရှိစဉ် အမျိုးသားတစ်ဦးက ခရီးဆောင်အိတ်အား ဆွဲယူ၍ သွားလိုရာသို့ လိုက်ပို့မည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ Caldina အငှားယာဉ်အား ငွေကျပ် ၆၀၀၀ ဖြင့် ငှားရမ်းခဲ့ကြောင်း၊ ယာဉ်ပေါ်တွင် ခရီးဆောင်အိတ်သယ်ပေးသူ အမျိုးသားလည်းလိုက်ပါလာပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၇)ရပ်ကွက် ရတနာအိမ်ရာအနီး၌ ခရီးဆောင်အိတ် သယ်ပေးသူက -----လည်ပင်းအား ဓားဖြင့်ထောက်၍ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ ဆင်းကတ်ပါ HUAWEI လက်ကိုင်ဖုန်းတစ်လုံးနှင့် ရွှေရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ခရီးဆောင်အိတ်၊ ကျောပိုးအိတ်နှင့် ငွေစက္ကူရောရာ ၂၅၀၀၀ ကျပ်တို့အား လုယူ၍ ယာဉ်အား မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေး၌ာနစု၊ သာကေတနယ်မြေရဲစခန်းနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များက ပူးပေါင်းစုံစမ်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီတွင် ပြစ်မှုကျူးလွန်သူ သာကေတမြို့နယ်နေ အငှားယာဉ်မောင်း အောင်ဖြိုး(၂၅)နှစ်အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် AA/----Caldina အမျိုးအစား အငှားယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အောင်ဖြိုးအားစစ်မေးရာ ၎င်းသည် သာကေတမြို့နယ်နေ ကုလားကြီး(ခ) သန်းတိုးအောင်နှင့်အတူ အဆိုပါ အမှုများအား ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး အမှုများမှ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ အောင်ဖြိုးအား ဖမ်းဆီးအရေးယူထားရှိပြီး ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သည့် ထွက်ပြေးတိမ်းရှောင်နေသူ ကုလားကြီး(ခ)သန်းတိုးအောင်အား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ကိုကျော်နိုင်
CAR RENTAL
မြို့တွင်းမြို့ပြင် ကားသစ်
အမျိုးမျိုး ငှားရမ်းနိုင်ပါသည်။
ph: 09 253582510

ကျေးဇူးဆပ်ပါမည်
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် (၂၂)၊ သံလွင်လမ်းနေ ပြဟ္မနိမ္မိတာရုံကျောင်းတိုက် ဆရာတော် အရှင်သီရိန္ဒ[အကျိုးတော်ဆောင်ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (မူလဒွါရ)] ၁၂/ဗဟန(သ) ၀၀၁၈၈၇ ၏ ကျောင်းတိုက်ရှိ စာရွက်စာတမ်းများ ဗဟန်းမြို့နယ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၃၀၈၆၂၄
၀၉-၄၂၃၆၈၄၂၈၉
၀၁-၂၃၀၅၉၉၇

01-701015, 09-5403844, 09-5044830

POST PGDMA

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅အက်ဖ်၊ မြေကွက်အမှတ်-၆၉/၅၄ဘီ-၂၊ မြေကွက်တည်နေရာအမှတ်-၆၅၊ ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ဒေါ်နန်းဦးခိုင်)[၁၂/မရက(နိုင်) ၀၀၄၉၆၃] အမည်ပေါက် မြေပိုင်မြေအား ဒေါ်နန်းဦးခိုင် [၁၂/မရက(နိုင်) ၀၀၄၉၆၃]မှ အမည်ပေါက် စာချုပ်မူရင်း တင်ပြနိုင်ခြင်းမရှိဘဲ အရောင်းစာချုပ်အမှတ်-၁၁၂၂/၂၀၀၅ နှင့် အမှားပြင်စာချုပ်အမှတ် ၆၄၈၉/၂၀၁၁တို့၏ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးလက်ခံအမှန်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဇီဇဝါလမ်း၊ အမှတ်(၄၈)၊ မြေညီ(ပထမထပ်)သည် ဦးဇော်ဝင်း[၁၂/ပဇတ(နိုင်) ၀၂၆၉၀၈]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး မသင်းသင်းဟန်[၁၂/လသန(နိုင်)၀၁၈၂၅၀]အား ၁၉-၂-၂၀၁၆ ရက်တွင် စာချုပ်ချုပ်ဆိုလွှဲပြောင်း ရောင်းချခဲ့ပါသည်။ သို့ပါ၍ ဦးဇော်ဝင်း[၁၂/ပဇတ(နိုင်) ၀၂၆၉၀၈]၏ပိုင်ဆိုင်သော အထက်ဖော်ပြပါ တိုက်ခန်း(မြေညီ ပထမ ထပ်)ကို ကျွန်မ မသင်းသင်းဟန်[၁၂/လသန(နိုင်)၀၁၈၂၅၀]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**မသင်းသင်းဟန်**
**[၁၂/လသန(နိုင်)၀၁၈၂၅၀]**
**အမှတ်(၁၃၇)၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**

PANDA Engineering Group
Since 1999
09 515 8803,
09 732 29024, 09 519 8402,
09 253 833810, 09 254 838242
e-mail: knw@pandaaircon.com

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၄၉၆၊ မြေကွက်တည်နေရာအမှတ်-၄၉၆၊ ခတ္တာလမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (ဦးသောင်း AD-၀၁၇၉၃၁) [၁၂/ဥကတ(နိုင်)၀၅၁၄၀၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်း နှင့်ဇနီးဖြစ်သူတို့ ကွယ်လွန်သဖြင့် ဦးထင် အောင်[၁၂/ဥကတ(နိုင်)၀၀၈၆၂၂]နှင့် ဒေါ်လှဲလှဲ ခိုင်[၁၂/ဥကတ(နိုင်)၀၅၁၄၀၆]တို့မှ သား သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ မြေကွက်အမှတ်-၈၀၆/ခ၊ မြေကွက် တည်နေရာအမှတ်-၈၀၆/ခ၊ ရေကြည်လမ်း၊ (၁၀) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဦးဝင်းဦး)အမည်ပေါက် ပါမစ်မြေအား အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူဖြူ[၁၂/လမန(နိုင်)၀၂၁၆၄၀]မှ ပါမစ်မူရင်းနှင့် စာချုပ်စာတမ်းများ ခြကိုက်ပျက်စီး ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အယ်လ်နီညိုရာသီဥတုဒဏ်ကြိုတင်ကာကွယ်ရေး ဆွေးနွေး

**မန္တလေး မတ် ၃**

ဇီကာဗိုင်းရပ်စ်ပိုး ကြိုတင်ကာကွယ်ရေးနှင့် အယ်နီညိုရာသီဥတုဒဏ် ကြိုတင်ကာကွယ်ရေး ဆွေးနွေးပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက ဇီကာဗိုင်းရပ်စ်ပိုး ကြိုတင်ကာကွယ်ရန်အတွက် မြို့နယ်အတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာ၊ မြို့နယ်ကျန်းမာရေး၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၆ ရပ်ကွက်အား မတ် ၁ ရက်မှ စတင်၍ ရက်ပေါင်း ၇၀ အတွင်း၊ ရပ်ကွက်တိုင်း ခြင်ဆေးဖျန်းစက် ငါးလုံးဖြင့် နေ့စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

၎င်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူက အယ်လ်နီညိုရာသီဥတု အပူဒဏ်ကာကွယ်ရေးစခန်းများ ရပ်ကွက်အလိုက် ဆောင်ရွက်ထားရှိရေး ဆွေးနွေးသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက မီးဘေးကြိုတင်ကာ ကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## စက်သုံးဆီဆိုင်ဝန်ထမ်းများအား အခြေခံမီးသတ်သင်တန်းပို့ချရန် စီစဉ်

**ပေါင် မတ် ၃**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မီးသတ်ဦးစီးဌာနမှ ကြီးမှူးကျင်းပမည့် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်လျှင် နှစ်ဦးကျစီဖြင့် အခြေခံမီးသတ်သင်တန်းများကို အခမဲ့သင်ကြားပို့ချသွားပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား မတ်လပထမပတ်တွင် သင်တန်းများကို အခမဲ့သင်ကြားပို့ချပေးသွားရန် စီစဉ်ထားသည်။

“ကျွန်တော်တို့ကိုတော့ မီးသတ်က သင်တန်းပေးဖို့ အကြောင်းမကြားထားသေးပါဘူး မြို့နယ်စက်သုံးဆီအရောင်းဆိုင်များအသင်းဥက္ကဋ္ဌကတော့ အကြောင်းကြားထားပါတယ်။ သင်တန်းလုပ်မယ့်ရက်မှာ ကျွန်တော်တို့ဆိုင်က ဆီပန့်ကိုင်တဲ့ကောင်လေးနှစ်ယောက်ကိုလွှတ်ဖို့တော့ စီစဉ်ထားပါတယ်”ဟု ပေါင်မြို့ P.M.Oil ဆီဆိုင် အရောင်းဆိုင်ပိုင်ရှင် ဦးမောင်မောင်က ပြောသည်။ **(ပြန်/ဆက်)**

## လုပ်ငန်းခွင်မပျက် သမဝါယမလုပ်ငန်း ပညာပေးသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိ

**ဖရူဆို မတ် ၃**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ်အတွင်းရှိအခြေခံသမဝါယမအသင်းများမှ အမှုဆောင်နှင့် အသင်းသားများအား လုပ်ငန်းခွင်မပျက် ပညာပေးသင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက် ထိ မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းခွင်မပျက် သမဝါယမလုပ်ငန်းများ ပညာပေးသင်တန်းကို ပြည်နယ်သမဝါယမဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယင်းသင်တန်းကို မြို့နယ်အတွင်းရှိအခြေခံသမဝါယမအသင်းများမှ အမှုနှင့် အသင်းသားများအား စာရင်းဇယားရှစ်မျိုး ရေးဆွဲနည်းများကိုမှန်ကန်စွာ ဖြည့်သွင်းကာ စနစ်တကျလုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းသင်တန်းကို မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆေးရာဖီးနာနှင့် ဒုတိယဦးစီးမှူးတို့က ပို့ချခဲ့ကြောင်းသိရသည်။

**မြို့နယ်( ပြန်/ဆက်)**

**ဖတ်စရာ**



# ရတနာပုံခေတ်နှောင်း နံရံဆေးရေးပန်းချီများ မဟာမုနိဘုရားကြီးတွင် လေ့လာနိုင်

**à တိမ်တမန်**

နံရံဆေးရေးပန်းချီများသည် ခေတ်ကာလနေထိုင်မှု ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့်တကွ အနုပညာလက်ရာအဆင့်အတန်းနှင့် အခြားအရာများစွာကို လေ့လာသိရှိနိုင်သည့် အဖိုးမဖြတ်နိုင်သော အမွေအနှစ်များပင်ဖြစ်သည်။ နံရံဆေးရေးပန်းချီများနှင့်ပတ်သက်၍ ရှေးခေတ်လူသားများက ကျောက်တုံးမျက်နှာပြင်များ၊ ကျောက်ဂူအမိုးများပေါ်တွင် ချွန်ထက်သောကျောက်လက်နက်များဖြင့် ရေးဆွဲခဲ့သည်ဟုဆိုသည်။


ကျောက်ခေတ်လူသားများ၏ နံရံဆေးရေးပန်းချီများတွင် ထိုခေတ်အခါက သတ်ဖြတ်စားသောက်ခဲ့သော သားကောင်တို့၏ပုံသဏ္ဍာန်များကိုအများစုရေးဆွဲခဲ့ကြသည်။ တစ်ဆင့်တစ်ဆင့် ယဉ်ကျေးမှုအဆင့်အတန်း မြင့်လာခြင်းနှင့်အတူ နံရံဆေးရေးပန်းချီများကို ဆေးခြယ်လာတတ်သည်။ ရှေးခေတ်လူသားတို့၏ ဆေးရောင်များမှာ သဘာဝကပေးသော သစ်ပင်မှ သစ်ရွက် မြေကြီးတို့ဖြင့် ခြယ်သခဲ့ရာမှ နောက်ပိုင်းတွင် ယဉ်ကျေးမှုအဆင့်အတန်းမြင့်လာခြင်းနှင့်အတူ ပန်းချီလက်ရာများ ကောင်းမွန်လာသည်။

ဒေသအသီးသီးတွင် အဖိုးတန်သမိုင်းအမွေအနှစ်နံရံဆေးရေးပန်းချီများရှိသည်။ နှောင်းလူတို့မှာ ထိုနံရံဆေးရေးပန်းချီများကို သမိုင်းအသိ သမိုင်းအမြင် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သိရှိထိန်းသိမ်းရမည်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးရှိ ဘုရားပုထိုးများတွင် နံရံဆေးရေးပန်းချီများကို လေ့လာနိုင်သည်။ အမရပူရတွင်ရွှေဂူကြီးဘုရားဝင်းအတွင်းရှိ စေတီများမှ နံရံဆေးရေးပန်းချီများ၊ တောင်သမန် ကျောက်တော်ကြီးဘုရားမှ နံရံဆေးရေးပန်းချီများနှင့် အခြားနံရံဆေးရေးပန်းချီများကို လေ့လာနိုင်သည်။

ရတနာပုံခေတ်နှောင်းကာလ သီပေါမင်းပါတော်မူပြီး သုံးနှစ်မှ ခုနစ်နှစ်အတွင်း ရေးဆွဲခဲ့သည့် နံရံဆေးရေးပန်းချီများကို မဟာမုနိဘုရားကြီးတွင် ယနေ့တိုင်လေ့လာနိုင်သည်။ သီပေါမင်းပါတော်မူပြီး သုံးနှစ်မှ ခုနစ်နှစ်အတွင်းတွင် မဟာမုနိစောင်းတန်းလေးခုကို ဆောက်လုပ်ခဲ့သည်။ မဟာရံတံတိုင်းသုံးထပ်၌ အုတ်ဖြင့်ဆောက်သောမုခ်ပြာသာဒ် ၁၂ ခုရှိသည်။ မုခ်များအတွင်း နံရံနှင့်မျက်နှာကြက်များတွင် နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းများရှိသည်။ ထိုနံရံဆေးရေးပန်းချီများကို သက္ကရာဇ် ၁၂၅၁ ခုနှစ်တွင် မန္တလေးမြို့မှ ပန်းချီဆရာဦးကြီးရေးဆွဲခဲ့သည်။

ပန်းချီတော်ခေါင်းဦးကျော်ညွန့်၏ လက်အောက်တော်သုံး ပန်းချီဆရာတစ်ဦးဖြစ်ပြီး ညောင်ပင်စျေး ဦးမောင်ကြီးအမည်ဖြင့် ထင်ရှားသည်။ ထိုနံရံများတွင် ရေးဆွဲထားသောနံရံဆေးရေးပန်းချီများမှာ ဗုဒ္ဓဝင်ခန်း၊ ရာဇဝင်ခန်း၊ ဂြိုလ်ခွင်များ၊ နက္ခတ်များ၊ ရဟန်းတော်များနှင့် ဘွဲ့တော်များ၊ ထိုခေတ်က ခရီးသွားဟန်အချို့နှင့်အတူ လူတန်းစားအသီးသီးတို့၏ဆင်ယင်ထုံးဖွဲ့မှုများကို ခေတ်အလိုက်မှတ်တမ်းတင်ရေးဆွဲထားသည်။ လက်ရှိကာလတွင် အနောက်ဘက်နှင့် တောင်ဘက်ရှိ နံရံဆေးရေးပန်းချီများကို ယနေ့တိုင် လေ့လာနိုင်ကြောင်း သိရသည်။



**အခန်းဆက်ဆောင်းပါး**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

တက္ကသိုလ် ခတ်ပုံတိုက်မှာ ဘဏ်(၁)တောင်ဘက် ယခု မန်းသီရိတေးသံသွင်းနေရာ ဖွင့်လှစ်ခဲ့သည်။ ဘဏ်(၁)အဆောက်အအုံမှာ ယခင်က ရိုးကုမ္ပဏီ တိုက်တန်းကြီးများဖြစ်ပြီး ကုန်တိုက်ကြီးများမှာ ဈေးချိုနာရီစင်မြောက်ဘက် တိုက်တန်းအထိဖြစ်သည်။ ဦးစိန်ခတ်မီးဆိုင်ကြီးမှာ စစ်ပြီးခေတ်အထိ ကျော်ကြားသည်။

၂၆ လမ်းဟောင်ကောင်စတိုးနေရာမှာ ယခင် အင်ပီရီရယ်ဘဏ်တိုက်နေရာဖြစ်ပြီး နောက်ပိုင်း၌ အမေရိကန်သံရုံးစာကြည့်တိုက်ဖြစ်ခဲ့သည်။ ၈၃ လမ်း၊ ၂၆လမ်းထောင့် ပြည်ကြီးကျက်သရေ အရှေ့ရပ် တိုကျိုအအေးဆိုင်နေရာမှာ စစ်မဖြစ်မီက အဝိန်ကိုး အချုံကိုး ကုမ္ပဏီဆိုင်နေရာဖြစ်ပြီး မော်တော်ကားများ ရောင်းချရာ ဆိုင်နေရာဖြစ်သည်။ ၈၃ လမ်း၊ ၂၆ လမ်းထောင့်၌ ဦးချစ်ဝိန် မိသားစု ယခုတိုင် နေထိုင်လျက်ရှိသည်။ ဦးချစ်ဝိန်မှာ မန္တလေး၌ နာမည်ကျော် အပျော်တမ်း ခတ်ပုံပညာရှင်ကြီးအဖြစ် လူသိများသည်။

အကွက် (၁၇၃)သည် အထက(၁)ကျောင်းဝင်းဖြစ်ပြီး တောင်ဘက်ခြမ်းတွင် ခုံတော်မင်းဝင်းရှိသည်။ ၂၄ လမ်း အနောက်ထိပ်တွင် သူဌေးတန်း ဗလီရှိသည်။ အကွက် (၁၇၄)မှာ ကြေးနန်းရုံးဝင်းဖြစ်သည်။ ၂၅ လမ်း လမ်းမတန်းကို ရှေးကသူဌေးတန်းဟု တွင်ခဲ့သည်။ ၂၄ လမ်း သူဌေးတန်းဗလီမှာလည်း သီပေါမင်းလက်ထက် မဟာသုဝဏ္ဏသေဋ္ဌဘွဲ့ရ သူဌေးမင်း ဦးမောင်ကြီး(ဦးအီဆပ်)ဆောက်လုပ်လှူဒါန်းခဲ့၏။ မင်းတုန်းမင်းလက်ထက်က ကြေးနန်းရုံမြောက်ဘက်ဝင်းအတွင်း နန်းတွင်းမှ သူဌေးလေးဦးတို့ကို ချထားပေးသောနေရာဖြစ်သည်ဟု မှတ်သားရသည်။ ထို့ကြောင့် သူဌေးတန်းတွင်သည်။

မြန်မာမင်းလက်ထက်၌ မင်းသူကောင်းပြုမှ သူဌေးအမည်ရသည်။ သီပေါမင်းလက်ထက်၊ (၅ ဒီဇင်ဘာ ၁၈၇၈)နေ့ အမိန့်တော်တစ်ရပ်တွင် "သုခမဟာသာကို သူဌေးခန့်၊ မဟာသီရိသုခသေဋ္ဌ အနာပိဏ်တွင်စေ" ဟု ဖော်ပြထားသည်။ "ဘောဂမဟာသာကို သူဌေးခန့်၊ မဟာဂသေဋ္ဌသီရိရာဇာတွင်စေ။" "သူဌေး မဟာသီရိသုခသေဋ္ဌ အနာထပိဏ်၊ မဟာဘောဂသေဋ္ဌ သီရိရာဇာ တို့ကို သူဌေးတို့နည်းတူ အစီးအနင်းဆောင်အယောင် သနားတော်ခံစေ" ဟူ၍ သူဌေးဘွဲ့ပေးသည်။

ကြွယ်ဝချမ်းသာသော လူသာမန်တို့သည် ရွှေ ငွေ တို့ဖြင့် လှူအသုံးအဆောင် ပြုလုပ်သုံးစွဲခွင့်မရှိချေ။ ကျောက်မျက်ရတနာစီခြယ်သော အဆင်တန်ဆာမျိုးလည်းမဆင်ယင်ရပေ။ အဆောက်အအုံနေအိမ်ကိုလည်းသာမာန်လူတို့နေထိုင်သော အိမ်ပုံစံမျိုးအတိုင်း သာဆောက်လုပ် နေထိုင်ကြရသည်။ မင်းသူကောင်းပြုခံရလျှင် လူမှုစီးပွားရေးတွင် အထူးအခွင့်အရေး ရရှိကြသည်။ ထိုမျှမက မင်းသူကောင်းပြုခံရသူတို့သည် စာကျေးမြို့ရွာ အဆောင်အရွက်များ ရရှိကြသည်။

**အောင်မြေသာစံရပ်ကွက်**

အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်သည် ၂၂ လမ်း (ပင်းယလမ်း)၊ ၈၆ လမ်း ရွှေတချောင်းအနောက်ဘက်၊ မြောက်ဘက် ၁၇ လမ်းအတွင်းနှင့် အနောက်ဘက် ၈၉ လမ်းအတွင်း ရပ်ကွက်များဖြစ်၍ ၂၃ ရပ်ကွက်ရှိသည်။ မန္တလေးမြို့တည်စဉ်က ပါရှိခဲ့သော ရပ်ကွက်များဖြစ်သည်။ အကွက် (၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆)တို့သည်၂၂ လမ်းနှင့် ၂၁လမ်းကြား ရပ်ကွက်များဖြစ်သည်။ အကွက်အမှတ် ၁၁၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၁၊ ၁၂၀၊ ၁၁၉၊ ၁၁၈)ရပ်ကွက်များသည် ၁၉ လမ်းနှင့် လမ်း၂၀ ကြားရှိသည်။ အကွက်အမှတ်(၁၃၁၊ ၁၂၉၊ ၁၂၇၊ ၁၃၄၊ ၁၂၈၊ ၁၂၆)ရပ်ကွက်များသည် ၁၉လမ်းနှင့် ၁၈လမ်းကြားရှိသည်။ အကွက်အမှတ် (၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆)တို့သည် ၁၈ လမ်းနှင့် ၁၇ လမ်းကြားရှိသည်။

**ပုလင်းဝင်းရပ်**

အကွက် (၁၁၃၊ ၁၁၄) တို့သည် အနောက်ရုံသာ၊ အရှေ့ရုံသာ ရပ်ကွက်ဖြစ်သည်။ နေထိုင်သူများ ရပ်ရွာဇာတိကို အစွဲပြု ရပ်ကွက်အမည် ခေါ်ဝေါ်ကြသည်။ အကွက် (၁၁၅) သည် တောင်ပုလင်းဝင်းရပ်၊ အကွက် (၁၂၃)၊ (၁၂၄) သည် မြောက်ပုလင်းဝင်းရပ်များဖြစ်၏။ ပုလင်းခွဲ၊ အိတ်ခွဲ လုပ်ငန်းများဖြင့် လုပ်ကိုင်ကြသူများ နေထိုင်သဖြင့် ပုလင်းဝင်းရပ်တွင်သည်။ အထက်မြန်မာပြည် ဈေးကွက်အကြီးဆုံး ပုလင်းခွဲ၊ အိတ်ခွဲရောင်းဝယ်ကြသော ရပ်ကွက်ဝင်းများဖြစ်၏။

> **မန္တလေးမြို့မှ မျိုးချစ်စာဆိုစာပေပညာရှင် ရွှေပြည်ဦးဘတင်သည် အသက် ၂၀ ခန့်၌ ရွှေပြည်ရပ်အနီး ခေမာသီဝံကျောင်းတိုက်၌ ပညာသင်ခဲ့သည်။ ထိုအချိန်က "ရွှေပြည်ကြီးနီးအောင် ပင်လှမ်း–နန်းရွှေရိပ်လှုံ–ရွှေဘုံဟန်သာကွန်းမှာလ" ဟူသော သီချင်းခေတ်စားနေချိန်လည်းဖြစ်ရာ သူ့နာမည်ကိုလည်း ရွှေပြည်ရပ်ကို ဂုဏ်ယူလျက် ရွှေပြည်ဦးဘတင်ဟု ယူခဲ့သည်။**

**ချစ်တီးဝင်း**

အကွက် ၁၂၅ အရှေ့ပိုင်းသည် ၈၆ လမ်း အနောက်ဘက် ၁၉လမ်းနှင့် လမ်း၂၀ကြားရှိသည်း။ ချစ်တီးဘုရားကျောင်းနှင့် ချစ်တီးကုလားပိုင်မြေနှင့် ဝင်းကြီးဖြစ်၍ ချစ်တီးဝင်းဟုတွင်သည်။ စစ်အတွင်းက ချစ်တီးဝင်းအတွင်း ဘုရားကျောင်းပျက်၍ ဂျပန်ခေတ်ဆေးရုံ ပြုလုပ်ခဲ့ကြောင်း မှတ်ရ၏။ နောက်ပိုင်းတွင် ကုန်သွယ်ရေးဘိလပ်မြေဂိုဒေါင်အဖြစ် အသုံးပြုခဲ့၏။ ၁၆၈၄ ခုနှစ်က ဒုတိယအကြိမ် ထပ်မံမီးလောင်ခဲ့သော ဝင်းတစ်ခုဖြစ်သည်။ မီးလောင်ခဲ့သဖြင့် ဝင်းအတွင်းတောင်မြောက် ကားဝင်လမ်း ဖောက်ထားသည်။ ရွှေပြည်အရှေ့ရပ်ဟုလည်းခေါ်ဝေါ်သည်။ အကွက် ၁၂၅ (အနောက်ပိုင်း) မှာ ရွှေပြည်ရပ်ကွက်ဖြစ်သည်။ ရွှေပြည်ဝန်ကြီး နေထိုင်ခဲ့ရာအရပ်ဖြစ်၍ ရွှေပြည်ရပ်ဟုတွင်သည်။ ၁၉ လမ်းဘေးတွင် ရွှေပြည်ဓမ္မာရုံကြီး တည်ရှိသည်။ ရွှေပြည်တိုက်နှင့်လည်း ဆက်စပ်လျက်ရှိသည်။

**မဲအိုးတန်းရပ်**

အကွက်အမှတ် (၁၁၆၊ ၁၁၇) မှာ ၈၆ လမ်း အနောက်ဘက် ၂၂ လမ်းနှင့် ၂၁ လမ်းကြားရှိသည်။ မဲအိုးတန်းဟုခေါ်ဆိုခြင်းမှာ မဲနယ်ဆိုးလုပ်ငန်းလုပ်ကိုင်သူများ နေထိုင်ရာအရပ်ဖြစ်သောကြောင့် မဲအိုးတန်းရပ်ဟုတွင်သည်။ စာရေးဆရာကြီး ရွှေဥဒေါင်းတို့ မိသားစုသည် ကိုလိုနီခေတ်က ခါးတန်းမှတစ်ဆင့် မဲအိုးတန်းရပ်သို့ မြေဝယ်၍ နေထိုင်ခဲ့ကြောင်း ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ ပထမတွဲတွင်ဖတ်ရှုရသည်။ ရွှေတချောင်းကမ်းပါးတွင် အလုပ်သမားများက အိုးကြီးများဖြင့် မဲနယ်ဆိုးလုပ်ငန်း တန်းစီလုပ်ကိုင်ကြပုံကို ကွက်ကွက်ကွင်းကွင်း ရေးသားထားသည်။ ထိုအချိန်က ရွှေတချောင်းမှာလည်း လှေများဖြင့် သွားလာကူးသန်း နေကြသည်။

မဲနယ်ဆိုးလုပ်ငန်းများမှာ လွတ်လပ်ရေးရပြီးနောက် မရှိတော့ပေ။ ထိုရပ်ကွက်မှာ ဖျင်ထည်ရောင်းဝယ်သူများ၊ နွားအလှဆင် ကိရိယာအမျိုးမျိုးရောင်းဝယ်သူများ ထွန်းကားခဲ့သည်။ မဲအိုးတန်းတွင် သွပ်၊ သံ၊ ဘိလပ်မြေကုန်သည်ရပ်ကွက် ဖြစ်သွားသည်။ မဲအိုးတန်းတွင် မဲအိုးတန်းရပ်ကွက် ဓမ္မာရုံဝင်း အနောက်ဘက်တွင် အာလကပ္ပ ကျောင်းတိုက်ရှိသည်။

**ကျောက်ပျောက်ဝန်းရပ်**

အကွက်(၁၁၈)၊ လမ်း ၂၀နှင့် ၂၁လမ်းကြားအတန်းကို ကျောက်ပျောက်တန်းရပ်ဟုခေါ်ဆိုသည်။ ကျောက်ပျောက်တန်းနှင့် အနောက်ဘက်ကပ်လျက် အုတ်တံတိုင်းခြား၍ အနောက်တိုက်တော်ကျောင်းတိုက်ကြီးတည်ရှိသည်။ ကျောက်ပျောက်ရွာမှ ပြောင်းရွှေ့လာကြသူများ နေထိုင်၍ ကျောက်ပျောက်တန်းဟုတွင်ကြောင်း မှတ်သားရသည်။

တိုက်တော်မှ မဟာဗောဓိရုပ်ပွားတော်မှာ မဇ္ဈိမဒေသမှ မင်းတုန်းမင်းလက်ထက်ပင့်ဆောင်ခဲ့သော မဟာဗောဓိသားများအနက် မင်းတုန်းမင်းလက်ထက်တစ်ဆူ၊ သီပေါမင်းလက်ထက်တစ်ဆူ ထုလုပ်၍ ရွှေနန်းတော်အတွင်း ကျောက်ဦးပြာသာဒ်တွင် ကိုးကွယ်ခဲ့သည်။

မင်းတုန်းမင်း နတ်ရွာစံပြီးနောက် အတုမရှိကျောင်းတော်သို့ရွှေ့ပြောင်းကိန်းဝပ်သော မဟာဗောဓိရုပ်ပွားမှာ မီးခခဲ့သည်။ သီပေါမင်းလက်ထက် ထုလုပ်သော မဟာဗောဓိရုပ်ပွားမှာ သီပေါမင်းပါတော်မူပြီးနောက် နန်းတွင်းမှ အရှေ့တိုက်တော်သို့ ပင့်ဆောင်ခဲ့သည်။ ထို့နောက် တောင်တော်သာသနာပိုင်ဆရာတော်က ယခုတည်ရှိရာ တိုက်တော်အတွင်း မဟာဗောဓိသိမ်တော်သို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။

**မီးသွေးစု**

၁၉လမ်းနှင့် လမ်း ၂၀ကြားတွင် တိုက်တော်တိုက်၊ ခေမာသီဝံတိုက်၊ အာလကပ္ပတိုက်ကျောင်းတိုက်များရှိပြီး အကွက် (၁၂၁၊ ၁၂၂) များကို မီးသွေးစုရပ်ဟုတွင်သည်။ မြန်မာမင်းလက်ထက်က ရွှေနန်းတော်သို့ မီးသွေးများ ဖုတ်လုပ်ပေးကြ ရသူများ နေထိုင်ရာအရပ်ဟု မှတ်သားရသည်။ ခေမာသီဝံတိုက်၏ အနောက်ဘက် ၈၇ လမ်းတစ်လျှောက်ဖြစ်သည်။ မီးသွေးစုရပ်ကွက်ခေါ်သော်လည်း နောင်တွင် သူကြီးဦးစံမင်း လမ်းပြုပြင်ခဲ့သည်ကို အကြောင်းပြု၍ ဦးစံမင်းလမ်းဟု တွင်သည်။

**ပင်းတလဲဝင်း**

အကွက် (၁၂၆)မှာ ၁၉လမ်းဘေး အနောက်ဘက် အကွက်ဖြစ်သည်။ ပင်းတလဲမင်းသား နေထိုင်ခဲ့ရာဖြစ်၍ ပင်းတလဲ ဝင်းဟုတွင်သည်။ ၁၉လမ်းနှင့် ၁၈လမ်းကြားရှိသည်။ ပင်းတလဲဝင်းနှင့်ဆက်လျက် မြောက်ဘက်တွင် မဟာဒီပဲရင်းတိုက် တည်ရှိသည်။ အက္ကပတ်မြို့ဝန်မင်းကျောင်းတိုက်ဟု သမိုင်းထင်ရှားပြီး အနောက်ဥရောပပုံစံဖြင့် ဆောက်လုပ်ခဲ့သော အုတ်ကျောင်းတော်ကြီး အပျက်အစီးထုထည်များ မြင်တွေ့နိုင်ကြသေးသည်။

**ကွမ်းဝင်း**

အကွက် (၁၂၅)၊ ရွှေပြည်ရပ်(အနောက်) ၁၉ လမ်းနှင့် ၂၁လမ်းကြား တိုက်တော်ကျောင်းတိုက် မြောက်ဘက် ရပ်ကွက်သည် ကွမ်းရေတော်မင်း နေထိုင်ခဲ့ရာဝင်းဖြစ်၍ ကွမ်းဝင်းဟုခေါ်ဆိုသည်။ ကွမ်းဝင်းအတွင်း ကွမ်းဆက်သသူ ဆွေစဉ် မျိုးဆက်များက ဘုရားတစ်ဆူ တည်ထားခဲ့ရာ ယခုတိုင်တည်ရှိသည်။

**ရွှေပြည်မြင်းတပ်စု**

